ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့၊ (20-2-2006) (၄၈၇၇)

ဂါရဝပြုတွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်တောင်အား ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ **Fujian** ခန်းမ၌ ဂါရဝပြု တွေ့ဆုံစဉ်။ (သတင်းစဉ်)

အဆွေတော်သမ္မတကြီး၏ ခေါင်းဆောင်မှုအောက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အရှိန်အဟုန်ဖြင့် တိုးတက်နေ ပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံတိုးတက်ရေးဆောင်ရွက်နေသည်ကိုတွေ့ရသဖြင့် နှစ်ထောင်းအားရဖြစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း

မြန်မာနိုင်ငံနှင့် ချစ်ခင်ရင်းနှီးစွာဆက်ဆံရေးသည် တရုတ်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒပင်ဖြစ် အိမ်နီးချင်းများ တည်ငြိမ်အေးချမ်းရေး၊ ချမ်းသာကြီးပွားရေး အမြဲမပြတ် အလေးထားလျက်ရှိ

သမ္မတ မစ္စတာဟူကျင်တောင်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်အား ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ Fujian ခန်းမသို့ သွားရောက်၍ ဂါရဝပြု တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးနှင့် ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ကျော်ကျော်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ် လင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✪

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်တောင်အား ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ Fujian ခန်းမ၌ ဂါရဝပြု တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာပြည်သူများအနေဖြင့် မိမိတို့၏ကံကြမ္မာကို မိမိတို့ ကိုယ်တိုင် ဖန်တီးနိုင်ရမှာဖြစ်၊ ပြည်ပအင်အားစုများက စီးပွားရေးပိတ်ဆို့ပြီး ဝင်ရောက်စွက်ဖက်မှုကို ပွင့်ပွင့်လင်းလင်း ဆန့်ကျင်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၀-၂-၂၀၀၆
(တနင်္လာနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနှင့်တရုတ်ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲ နှစ်နိုင်ငံ အကျိုးစီးပွား ဖွံ့ဖြိုးမှု မြှင့်တင်ဆောင်ရွက်နိုင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့သည် အဖွဲ့ဝင်များလိုက်ပါလျက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဖေဖော်ဝါရီလ ၁၄ရက်မှ ၁၈ရက်အထိ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် မိုင်ပေါင်း ၁၃၇၀ ခန့်ရှည်လျားသည့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး နှစ်နိုင်ငံအကြား သံတမန်အဆက်အသွယ်ပြုလုပ်ခဲ့သည်မှာ ယခုအခါ ၅၆ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

မြန်မာနှင့်တရုတ် နှစ်နိုင်ငံ သံတမန်စတင်ဆက်သွယ်ခဲ့သည့်အချိန်မှစ၍ နှစ်နိုင်ငံစလုံးအနေဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကို အခြေခံပြီး အိမ်နီးချင်းကောင်းပီသစွာ ဆက်ဆံလာခဲ့ကြသည်။

နှစ်နိုင်ငံ ခေါင်းဆောင်ကြီးများ အမြော်အမြင်ကြီးမားစွာ ဖော်ဆောင်ခဲ့သည့် ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို ယနေ့ကာလတိုင် ဆက်လက်ထိန်းသိမ်း မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ဖေဖော်ဝါရီလ ၁၄ရက်က ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်တွင် ကျင်းပပြီးနောက် နှစ်နိုင်ငံဝန်ကြီးချုပ်တို့ တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။

ထိုသို့ ဆွေးနွေးရာ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက **မိမိတို့အနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သိပ္ပံနှင့်နည်းပညာ စသည့်ကဏ္ဍစုံတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် ဆန္ဒရှိပါကြောင်း၊ နိုင်ငံတကာနယ်ပယ်တွင် မြန်မာနိုင်ငံ၏ အကျိုးစီးပွားနှင့် တိုက်ရိုက်သက်ဆိုင်သည့် ကိစ္စများပေါ်ပေါက်လာတိုင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံက မိတ်ဆွေစစ်၊ မိတ်ဆွေကောင်းပီသစွာ မြန်မာနိုင်ငံဘက်က မားမားမတ်မတ် ရပ်တည်ပေးသည့်အတွက် အထူးကျေးဇူးတင်ရှိကြောင်း** ပြောကြားသည်။

ထို့အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော် ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က **ဒေသတွင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို မြန်မာနိုင်ငံနှင့် ပိုမိုပူးပေါင်းဆောင်ရွက် သွားလိုပါကြောင်း၊ အထူးသဖြင့် အာဆီယံ+၁၊ အာဆီယံ+၃ နှင့် မဲခေါင်မြစ်ဒေသ ဖွံ့ဖြိုးရေးတို့တွင် အပြန်အလှန်အကူအညီ ပေးသွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ သဘောတူညီပြီးဖြစ်သည့် စီမံကိန်းများပြီးစီးအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း** ပြောကြားသည်။

နှစ်နိုင်ငံဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပပြီး သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာရှစ်ခုကို သက်ဆိုင်ရာ တာဝန်ရှိသူများက လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

မြန်မာနှင့်တရုတ်နှစ်နိုင်ငံတို့သည် ရှေးပဝေသဏီကတည်းကပင် နှစ်နိုင်ငံခေါင်းဆောင်များအကြား ချစ်ကြည်ရေးခရီး အပြန်အလှန် သွားရောက်လည်ပတ်ခဲ့ကြကာ ချစ်ကြည်ရင်းနှီးမှု ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်မှာ ယနေ့ကာလတိုင်ပင်ဖြစ်သည်။ ထို့အတူ မြန်မာနိုင်ငံသည် တရုတ်တစ်နိုင်ငံတည်း မူဝါဒကို အစဉ်တစိုက် ကျင့်သုံးလာခဲ့ပြီး ထိုင်ဝမ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ခွဲခြားမရသော အစိတ်အပိုင်းတစ်ခုအဖြစ် အမြဲတမ်းခံယူထားပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးသည် မြန်မာ–တရုတ်နှစ်နိုင်ငံ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်းပီသစွာ ဆက်ဆံမှုကို ပိုမိုတိုးတက်ခိုင်မြဲစေပြီး နှစ်နိုင်ငံအကျိုးစီးပွားဖွံ့ဖြိုးမှုကို မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည်ဟု ကြေးမုံကယုံကြည်ပါသည်။ ။

ဓမ္မစာပေဟောပြောမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တောင်ပိုင်းခရိုင်ကျောက်တန်းမြို့နယ်၊ မင်္ဂလာတရားတော်နှင့် အဘိဓမ္မာ ပြန့်ပွားရေး အကျိုးဆောင်အဖွဲ့၏ တတိယအကြိမ် အဘိဓမ္မာ ဆုနှင်းသဘင်နှင့် YMBA မင်္ဂလာဆုနှင်းသဘင် အကြိုအဖြစ် ဆရာကြီး ဒေါက်တာမင်းတင်မွန်၏ ဓမ္မစာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၂၄ရက်၊ တပို့တွဲလပြည့်ကျော် ၁၂ရက် (သောကြာနေ့) ညနေ ၆နာရီတွင် ဧယျာပူရ ပရိယတ္တိစာသင်တိုက်၊ သာသနာ့ဝိသုဒ္ဓိကာရီ သိမ်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ ပါရမီရှင်များ တက်ရောက်နိုင်ပြီး ဖုန်း–၀၅၆–၂၅၁၈၂သို့ ဆက် သွယ်စုံစမ်းနိုင်သည်။ (၂၃)

စာအောင်သံဃာများ အောင်လက်မှတ်ဆက်ကပ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်လုံးဆိုင်ရာ (၈)ကြိမ်မြောက် ပရိယတ္တိသာသနပါလ စာမေးပွဲကို ရပ်ကွက်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ကြီးကြပ်မှုဖြင့် ရပ်ကွက်လုံးဆိုင်ရာ ဥပဋ္ဌာကအဖွဲ့မှ ဦးဆောင်ပြီး ဇန်နဝါရီ ၂၉ရက်မှ ဖေဖော်ဝါရီ ၄ရက်အထိ ကျင်းပခဲ့သည်။ စာဖြေအောင်မြင်သည့် သံဃာ ရှင်ရဟန်း ၈၁ပါးတို့အား ဖေဖော်ဝါရီ ၂၆ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ဖော့ကန်ရပ်ကွက် ဝါဉူးပရိယတ္တိစာသင်တိုက်ပဏ္ဏကဗ္ဗလာ အေးဓမ္မာရုံ၌ အောင်လက်မှတ်နှင့် ဆုဆက်ကပ်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

မြန်မာနိုင်ငံ၌ ခြစည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီ အောင်မြင်စွာထုတ်လုပ်နိုင်ပြီ

ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုသည့် ခြံစည်းရိုးကြက်ဆူပင်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ငွေဆောင်မြို့တွင် ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့၌ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ၌ ခြံစည်းရိုးကြက်ဆူပင်တိုးချဲ့စိုက်ပျိုးရေးနှင့်စပ်လျဉ်း၍– “သစ်ပင်မှ ဇီဝလောင်စာရရှိသည့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးကို ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုအဖြစ် ခံယူပြီး ဖိဖိစီးစီးလုပ်ကိုင်သွားကြရန်”လမ်းညွှန်မှာကြားခဲ့သည်။

ခြံစည်းရိုးကြက်ဆူပင်သည် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် အဓိကကျသည့်အပင်ဖြစ်သည်။ ကျေးလက်ဒေသများ၏ လူမှုဘဝအဆင့်အတန်း၊ စီးပွားရေးအဆင့်အတန်းကို ထူးခြားစွာပြောင်းလဲစေသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ကျေးရွာမီးလင်းရေးလုပ်ငန်းများတွင် ထိထိရောက်ရောက် အသုံးပြုနိုင်သည်။



ကျေးလက်ဒေသ မီးလင်းရေးအတွက် ခြံစည်းရိုးကြက်ဆူဆီကို မီးအိမ်များ၌ ဤသို့အသုံးပြုနိုင်သည်။

ထွန်ယက်စိုက်ပျိုးရေးတွင်သုံးနိုင်

ယခင်က နွေစပါးစိုက်ပျိုးလျှင် ဒီဇယ်ဆီကို ဝယ်ယူပြီး လယ်ယာသုံးစက်ကိရိယာများတွင် အသုံးပြုရသည်။ ယခုအခါ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်၍ရသည့် ဇီဝဒီဇယ်ဆီဖြင့် ထွန်ယက်စိုက်ပျိုးရေးသုံး စက်ကိရိယာများတွင် အသုံးပြုနိုင်တော့မည်ဖြစ်၍ ကုန်ကျစရိတ် သက်သာလာမည်ဖြစ်သည်။

ကျေးလက်များမီးလင်း

တစ်နေရာမှ တစ်နေရာသို့ သယ်ယူပို့ဆောင်ပေးသည့် ထော်လာဂျီများတွင်လည်း အသုံးပြုနိုင်သည်။ ဒိုင်နမိုအင်ဂျင်စက်များတွင်လည်း ဇီဝဒီဇယ်ဆီထည့်၍ ကျေးလက်ဒေသမီးလင်းအောင် ဆောင်ရွက်နိုင်သည်။ ဆီမီးခွက်ထဲတွင်ပင် ကြက်ဆူဆီထည့်၍ မီးထွန်းနိုင်သည်။ ထို့ကြောင့် ကိုယ်တိုင်စိုက်၊ ကိုယ်တိုင်ထုတ်၊ ကိုယ်တိုင်သုံးနိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

မြန်မာ့ပုလဲ လေလံရောင်းချပွဲတွင် ရတနာကုန်သည်များက ပုလဲအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူကြစဉ်။ (ကြေးမုံ)

မြန်မာ့ပုလဲလေလံပွဲ ကျင်းပပြီးစီး ပုလဲအတွဲ ၂၁၀ ဈေးပြိုင်ဝယ်ယူခဲ့ကြ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံအတွင်း နိုင်ငံတကာပုလဲဈေးကွက်ဖြစ်ပေါ်လာစေရန်နှင့် နိုင်ငံတော်အတွက် နိုင်ငံခြားငွေ တိုးတက်ရှာဖွေနိုင်ရန်ရည်ရွယ်၍ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ ပထမဆုံးအကြိမ် မြန်မာ့ပုလဲလေလံပွဲ [Myanmar Pearl Auction (2006)] ကို ဖေဖော်ဝါရီ ၁၇ရက်မှ စတင်၍ ရန်ကုန်မြို့ ဒူးဇစ်အင်းလျားလိတ်ဟိုတယ်၌ ကျင်းပခဲ့ရာ ယနေ့ ပြီးစီးသွားပြီဖြစ်သည်။

ယင်းမြန်မာ့ပုလဲလေလံပွဲသို့ ဂျပန်၊ ဩစတြေးလျ၊ ဂျာမနီ၊ ဟောင်ကောင်၊ အမေရိကန်နှင့် ထိုင်းနိုင်ငံတို့မှ ရတနာကုန်သည် ၃၅ ဦးတက်ရောက်၍ ပုလဲအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူခဲ့သည်။

ပုလဲလေလံပွဲတွင် ပုလဲအတွဲပေါင်း ၄၂၇တွဲ၊ လုံးရေ ၉၂၈၆၄လုံး၊ အလေးချိန် ၅၃၅၇၁ ဒသမ ၃မိမိုကို ခင်းကျင်းပြသရောင်းချခဲ့ရာ ရတနာကုန်သည်များက ပုလဲအတွဲ ၂၁၀ကို ဈေးပြိုင်ဝယ်ယူခဲ့ကြသည်။ (ကြေးမုံ)

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ နေ့စဉ်ဖော်ပြမည်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့တို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများကို ဖေဖော်ဝါရီ ၂၀ရက်မှစ၍ နေ့စဉ် ဖော်ပြသွားမည်ဖြစ်ပါသည်။

၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိကောင်းစရာများ နေ့စဉ်ဖော်ပြမည့် အစီအစဉ်

စဉ်	ဘာသာရပ်	ဖော်ပြမည့်နေ့
၁	ပင်ရင်းမြန်မာစာဘာသာရပ်	၂၀–၂–၂၀၀၆
၂	စိတ်ကြိုက်မြန်မာစာဘာသာရပ်	၂၁–၂–၂၀၀၆
၃	အင်္ဂလိပ်စာဘာသာရပ်	၂၂–၂–၂၀၀၆
၄	သင်္ချာဘာသာရပ်	၂၃–၂–၂၀၀၆
၅	ဓာတုဗေဒဘာသာရပ်	၂၄–၂–၂၀၀၆
၆	ရူပဗေဒဘာသာရပ်	၂၅–၂–၂၀၀၆
၇	ဇီဝဗေဒဘာသာရပ်	၂၆–၂–၂၀၀၆
၈	သမိုင်းဘာသာရပ်	၂၇–၂–၂၀၀၆
၉	ပထဝီဝင်ဘာသာရပ်	၂၈–၂–၂၀၀၆
၁၀	ဘောဂဗေဒဘာသာရပ်	၁–၃–၂၀၀၆



ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း ပေကျင်းမြို့ရှိ Beijing Planning Exhibition Hall၌ ကြေးဖြင့် ပုံဖော်ပြထားသည့် ၁၉၄၉ခုနှစ် ပေကျင်းမြို့ အနေအထားကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း Beijing Planning Exhibition Hall ကို ကြည့်ရှုလေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၅ရက် ညနေ ၄နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ Beijing Planning Exhibition Hall သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား Beijing Planning Exhibition Hall တာဝန်ခံ မဒမ်ကျောက်လီနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရှင်းလင်းဆောင်၌ မဒမ်ကျောက်လီက Beijing Planning Exhibition Hall ကို ၂၀၀၃ ခုနှစ် စက်တင်ဘာလတွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၄ ခုနှစ် စက်တင်ဘာလတွင် ဖွင့်လှစ်ခဲ့ပါကြောင်း၊ ပြခန်းဖွင့်လှစ်ပြီး တစ်နှစ်ကျော်ကာလအတွင်း နိုင်ငံတကာမှ ဧည့်သည်တော်များ အပါအဝင် လူဦးရေ တစ်သန်းကျော် လာရောက် လေ့လာကြပါကြောင်း ပဏာမရှင်းလင်းတင်ပြပြီး ပေကျင်းမြို့ဟောင်းနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည့် ပေကျင်းမြို့တို့၏ အခြေအနေများကို ရုပ်ရှင်ဖြင့် ပြသသည်။ ထို့နောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များအား Exhibition Hall ၏ စတုတ္ထထပ်၌ ကြေးဖြင့် ပုံဖော်ပြထားသည့် ၁၉၄၉ ခုနှစ် ပေကျင်းမြို့ အနေအထားကို တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ပုံစံငယ်များဖြင့် ပြသထားသည့် ၂၀၀၈ခုနှစ်တွင် ဖြစ်ပေါ်လာမည့် ပေကျင်းမြို့အနေအထား မြို့ကွက်ပုံစံများ၊ ပေကျင်းမြို့၌ ကျင်းပမည့် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲအတွက် အားကစားနည်းအလိုက် ယှဉ်ပြိုင်ကစားနိုင်ရန် တည်ဆောက်ထားသည့် အားကစားကွင်း၊ အားကစားရုံ နမူနာများနှင့် ၂၀၀၇ ခုနှစ်တွင် ဖွင့်လှစ်မည့် ပေကျင်းမြို့ မြို့တော်အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းသစ်ကြီး၏ ပုံစံငယ်တို့ကို ရှင်းလင်းပြသကြသည်။

နန်းတော်ပြကွက်ကြည့်ရှု

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပေကျင်းမြို့ နန်းတော်ဟောင်း ပုံစံပြကွက်ကို ကြည့်ရှုကြသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကုန်သွယ်မှုဗဟိုဌာနများ၊ အဆင့်မြင့် သိပ္ပံနှင့် နည်းပညာရပ်ကွက်များအဖြစ် ပေါ်ထွက်လာမည့် ပေကျင်းမြို့တော် အနေအထား ရုပ်တုပုံစံငယ်များကို ထပ်မံကြည့်ရှုလေ့လာကြသည်။

ထို့နောက် မြေညီထပ်ရှိ ပြခန်းများကို ကြည့်ရှုလေ့လာကြပြီး Beijing Planning Exhibition Hall မှ တာဝန်ရှိသူများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် Beijing Planning Exhibition Hall ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ မှတ်တမ်းလက်မှတ် ရေးထိုးသည်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ပေကျင်းမြို့ရှိ Beijing Planning Exhibition Hallတာဝန်ခံ မဒမ်ကျောက်လီက ပေကျင်းမြို့ဟောင်းနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည့် ပေကျင်းမြို့တို့၏ အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဘုရင့်နောင်ဈေးကြီးမိသားစု စတုတ္ထအကြိမ်မြောက် သွေးလှူဒါန်းပွဲနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ဘုရင့်နောင်ဈေးကြီးမိသားစု၏ စတုတ္ထအကြိမ်မြောက် သွေးလှူဒါန်းပွဲနှင့် အလှူငွေပေးအပ်ပွဲကို ယမန်နေ့နံနက် ၉နာရီတွင် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီး ဈေးသာယာရေးရုံး၌ကျင်းပရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန ကထိက/ရောဂါဗေဒ ဆရာဝန်ကြီး ဒေါ်သီတာအောင်နှင့် ဆရာ၊ ဆရာမများ၊ ဘုရင့်နောင်ဈေး ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ သွေးလှူဒါန်းပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးလှအေးတို့ တက်ရောက် အမှာစကား ပြောကြားသည်။ ထို့နောက် ဈေးသာယာရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်လွင်က သွေးလှူဒါန်းပွဲနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနအတွက် လှူဒါန်းငွေကျပ် ကိုးသိန်းကျော်ကို ဈေးသူ၊ ဈေးသားများက အမျိုးသားသွေးဌာန ကထိက/ရောဂါဗေဒ ဆရာဝန်ကြီး ဒေါ်သီတာအောင်ထံ ပေးအပ်လှူဒါန်းကြပြီး ဈေးသူ၊ ဈေးသား ၃၂၀ က သွေးများလှူဒါန်းကြသည်။ **(ယာပုံ)** ဘုရင့်နောင်ဈေးကြီးမိသားစုများက ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနသို့ စတုတ္ထအကြိမ်အထိ သွေးပုလင်း ၈၂၅ပုလင်းနှင့် အလှူငွေကျပ် ၂၆ သိန်းကျော် လှူဒါန်းပြီးဖြစ်ကြောင်းသိရသည်။ (သတင်းစဉ်)

အင်ဒိုနီးရှားစားအုန်းဆီ ပြည်ပသို့ ပိုမိုတင်ပို့မည်

ဂျကာတာ ဖေဖော်ဝါရီ ၁၈

အင်ဒိုနီးရှားနိုင်ငံက ၂၀၀၆ ခုနှစ်အတွင်း စားအုန်းဆီ ပြည်ပသို့ တင်ပို့ရောင်းချသည့် ပမာဏသည် တန်ချိန် ၁၀ ဒသမ ၃ သန်းအထိ ရောက်ရှိဖွယ်ရှိကြောင်း စက်မှုအဖွဲ့အစည်းက သောကြာနေ့တွင် ပြောကြားသည်။

ထပ်မံမြင့်တက်

နိုင်ငံအချို့မှ ဝယ်လိုအားကောင်းမွန်ခဲ့မှုကြောင့် ၂၀၀၅ ခုနှစ်အောက်တိုဘာမတိုင်မီ ကာလအတွင်း အင်ဒိုနီးရှားနိုင်ငံက ပြည်ပသို့ စားအုန်းဆီ တင်ပို့ရောင်းချမှု ပမာဏသည် တန်ချိန် ၈ ဒသမ ၆၇ သန်းအထိ ရောက်ရှိခဲ့ပြီး ထပ်မံမြင့်တက်လာဖွယ်ရှိသည်ဟု အင်ဒိုနီးရှားစားအုန်းဆီ ထုတ်လုပ်ရေးအဖွဲ့အစည်းကို ကိုးကား၍ အန်တာရာသတင်းဌာနက ဖော်ပြသည်။ ဘိုင်အိုဒီဇယ်လောင်စာဆီ ဝယ်လိုအားမြင့်တက်လာမှုကို အကြောင်းပြုပြီး စားအုန်းဆီဝယ်လိုအား ကောင်းမွန်လာခြင်းဖြစ်သည်ဟု သတင်းဌာနက ဆက်လက်ဖော်ပြသည်။

တိုးမြှင့်ဝယ်ယူ

ပါကစ္စတန်နိုင်ငံက စားအုန်းဆီတန်ချိန် တစ်သန်းကို ဝယ်ယူတင်သွင်းခဲ့ပြီးနောက် အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီတိုးမြှင့် ဝယ်ယူတင်သွင်း မည်ဖြစ်သည်။ အင်ဒိုနီးရှားမှ စားအုန်းဆီကို အိန္ဒိယနှင့် တရုတ်တို့ကလည်း တိုးမြှင့်ဝယ်ယူဖွယ်ရှိသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖိလစ်ပိုင်နိုင်ငံ အရှေ့ပိုင်းဒေသတွင် မြေပြိုမှုဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို ဖေဖော်ဝါရီ ၁၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတကာ သတင်းများ

အာဖရိက ဖွံ့ဖြိုးတိုးတက်ရေး ဂျပန် ကူညီရန် ကတိပြုထား

အဒစ္စအာဘာဘာ ဖေဖော်ဝါရီ ၁၈

ဂျပန်နိုင်ငံသည် အာဖရိကနိုင်ငံများအား လာမည့်လအကုန်တွင် အမေရိကန်ဒေါ်လာ သန်း ၆၀ လှူဒါန်းရန် ကတိပြုထားကြောင်း ဂျပန်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ အဆိုပါလှူဒါန်းငွေများကို ပဋိပက္ခဖြစ်ပွားနေသော အာဖရိကနိုင်ငံများ၏ ပြန်လည်တည်ဆောက်ရေးလုပ်ငန်း၊ လုံခြုံရေး၊ အုပ်ချုပ်ရေးတို့တွင် အသုံးပြုသွားမည်ဖြစ်သည်ဟု ဂျပန်နိုင်ငံ နိုင်ငံခြားရေး ဒုတိယဝန်ကြီး ယာဆုဟိဆာရှိ အိုဇာကီက အီသီယိုးပီးယားနိုင်ငံ၌ ကျင်းပပြုလုပ်သော အာဖရိကဖွံ့ဖြိုးရေး အစည်းအဝေးဖွင့်ပွဲတွင် ပြောကြားသည်။

အာဖရိကတွင် ဖြစ်ပွားနေသော ပြဿနာများကို ဖြေရှင်းမှုမပြုနိုင်ခဲ့လျှင် ၂၁ ရာစု၌ ကမ္ဘာကြီး အေးချမ်းမှုရှိမည် မဟုတ်သည်ကို မိမိတို့ ယုံကြည်ကြောင်း၊ အာဖရိကဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံက ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါ အစည်းအဝေး၌ ၎င်းက ပြောကြားခဲ့သည်။ ထိုအစည်းအဝေးသို့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နိုင်ငံပေါင်း ၁၀၀ မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖိလစ်ပိုင်အရှေ့ပိုင်းတွင် မြေပြိုမှုဖြစ်ပွား လူပေါင်း ၁၅၀၀ ထက်မနည်း ပျောက်ဆုံးနေ

မနီလာ ဖေဖော်ဝါရီ ၁၈

ဖိလစ်ပိုင်နိုင်ငံ အရှေ့ပိုင်းတွင် သောကြာနေ့က မြေပြိုမှုဖြစ်ပွားရာ နေအိမ် ရာပေါင်းများစွာနှင့် မူလတန်းစာသင်ကျောင်း တစ်ကျောင်းအပေါ်သို့ ရွှံ့စေးမြေများ ပိသွားခဲ့ကြောင်း၊ ၁၀ ဦး သေဆုံးသည်ဟု တာဝန်ရှိသူများက ပြောကြားပြီး လူပေါင်း ၁၅၀၀ ထက်မနည်း ပျောက်ဆုံးလျက်ရှိကြောင်း စနေနေ့ မီဒီယာသတင်းများတွင် ဖော်ပြသည်။

မိုးရွာသွန်းမှုကြောင့် တောင်စောင်းတစ်လျှောက်ရှိ မြေသားနူးအိကာ မြေပြိုမှုဖြစ်ပွားခြင်းဖြစ်သည်။ မြေပြိုမှုကြောင့် အဆောက်အအုံများ မြေကြီးအောက်သို့ နစ်မြုပ်သွားသည်။

မြို့တော်မနီလာ အရှေ့တောင်ဘက်မိုင် ၄၂၀ ခန့်အကွာ လိတ်ကျွန်းတွင် ယင်းဖြစ်ရပ် ပေါ်ပေါက်ခဲ့သည်။ ရဟတ်ယာဉ်များ၊ ရေတပ်ရေယာဉ်နှစ်စင်းနှင့် စစ်ဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးလေယာဉ် တစ်စင်းတို့ကို ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ရန် ချက်ချင်း စေလွှတ်ပေးခဲ့ကြောင်း အရပ်ဘက် ကာကွယ်ရေးရုံး ဒုတိယအုပ်ချုပ်ရေးမှူး အန်ထော်နီဂိုလက်ဇ်က ပြောကြားသည်။

မြေပြိုမှုကြောင့် လူမည်မျှ သေဆုံးရသည်ကို သိရှိနိုင်ရန် တာဝန်ရှိသူများက စုံစမ်းမှုများ ပြုလုပ်လျက်ရှိသည်။

စိန့်ဘားနတ်မြို့အနီးရှိ ဂွင်ဆာဟူဂွန်ကျေးရွာတွင် နေအိမ်အလုံးပေါင်း ၅၀၀ ထက်မနည်း မြေအောက်တွင် နစ်မြုပ်နေကြောင်း၊ မြေပြိုကျမှုဖြစ်ပွားသည့်နေရာရှိ စာသင်ကျောင်း တစ်ကျောင်းတွင် ကျောင်းသူ၊ ကျောင်းသားကလေးများရှိနေကြောင်း ၎င်းက ပြောကြားသည်။

ဂွင်ဆာဟူဂွန် ကျေးရွာတွင် နေအိမ်သုံးလုံးမှအပ နေအိမ်များအားလုံး မြေအောက်သို့ ရောက်နေကြောင်း၊ အသက်ရှင်လွတ်မြောက်သူ ၁၂ ဦးကို ဒေသဆိုင်ရာ ဆေးရုံ၌ ကုသပေးလျက်ရှိကြောင်း ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

ဒေသခံ ၁၀၀၀ မှ ၂၅၀၀ အထိ ပျောက်ဆုံးနေသည်ဟု ယူဆရကြောင်း ၎င်းကပြောကြားသည်။***အင်တာနက်။***

ကမ္ဘောဒီးယားတွင် စီးပွားရေးဇုန်နှစ်ခု တိုးချဲ့တည်ထောင်မည်

ဖနောင်ပင် ဖေဖော်ဝါရီ ၁၈

ကမ္ဘောဒီးယားနိုင်ငံရှိ ဖနောင်ပင်နှင့် တာကီယိုပြည်နယ်တို့တွင် အထူးစီးပွားရေးဇုန်နှစ်ခု နောက်ထပ် တည်ထောင်သွားမည်ဖြစ်ကြောင်း ဒေသခံမီဒီယာသတင်းဌာနက ကြာသပတေးနေ့တွင် ဖော်ပြသည်။

ဖနောင်ပင်မြို့ ဆင်ခြေဖုံးဒေသတွင် ၃၅၃ ဟက်တာ ကျယ်ဝန်းသည့် မြေနေရာတွင် အထူးစီးပွားရေးဇုန် တစ်ခုတည်ထောင်ပြီး အမေရိကန် ဒေါ်လာသန်း ၆၀ ရင်းနှီးမြှုပ်နှံရန် အက်တ်ဝုဒ်ထုတ်ကုန်သွင်းကုန်ကုမ္ပဏီက စီစဉ်နေသည်။ ယင်းဇုန်တွင် အဝတ်အထည်၊ ဖိနပ်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်သူများ နေထိုင်ရန်အတွက် အိုးအိမ်များဆောက်လုပ်မည်ဖြစ်သည်ဟု ကမ္ဘောဒီးယားသတင်းဌာနက ဖော်ပြသည်။ တာကီယိုကီရီဗွန်ခရိုင်ရှိ ၅၇ ဟက်တာကျယ်ဝန်းသည့် မြေနေရာပေါ်တွင် အမေရိကန်ဒေါ်လာ သန်း ၇၀ တန်ဖိုးရှိသည့်စီမံကိန်းများ လုပ်ကိုင်နိုင်ရန်အတွက် စီးပွားရေးဇုန်တစ်ခုကို ဆောက်လုပ်ဦးမည်ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အိန္ဒိယနှင့်ပါကစ္စတန် မီးရထားခရီးစဉ် ပြန်လည်ဖွင့်လှစ်ပြီ

ဇာရိုနယ်ခြားစခန်း(ပါကစ္စတန်) ဖေဖော်ဝါရီ ၁၉

အိန္ဒိယနှင့် ပါကစ္စတန် နိုင်ငံတို့သည် နှစ်နိုင်ငံဆက်သွယ်သည့် ရထားခရီးစဉ်များကို ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြန်လည်ဖွင့်လှစ်လိုက်သည်။ **(အပေါ်ပုံ)** ပါကစ္စတန်နိုင်ငံမှ ခရီးသည်တင်မီးရထားတစ်စင်းသည် အိန္ဒိယခရီးသည် ဦးရေ ၂၆၀ ကို တင်ဆောင်လျက် ပါကစ္စတန်နိုင်ငံသို့ ပြန်လည်ထွက်ခွာလာခဲ့ကြောင်း၊ အစောပိုင်းတွင် အဆိုပါရထားသည် ပါကစ္စတန်ခရီးသည် ၁၆၅ ဦးကို အိန္ဒိယနယ်စပ်မြို့ဖြစ်သည့် မွန်နာဘောင်မြို့သို့ ပို့ဆောင်ပေးခဲ့ကြောင်း မီဒီယာသတင်းများတွင် ဖော်ပြသည်။

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် ဆယ်စုနှစ် လေးစုကြာမျှ ရထားခရီးစဉ်များ ပြေးဆွဲမှုရပ်ဆိုင်းနေခဲ့ပြီးနောက် နှစ်နိုင်ငံဆက်သွယ်သည့် ရထားလမ်းကို ပြန်လည်ဖွင့်လှစ်နိုင်ခြင်းမှာ သမိုင်းမှတ်တိုင်တစ်ရပ်ကို စိုက်ထူနိုင်ခြင်းဖြစ်သည်။ ပါကစ္စတန်နိုင်ငံမှ အိန္ဒိယနိုင်ငံ နယ်စပ်မြို့သို့ ဆိုက်ရောက် လာသော ရထားပေါ်တွင် ခရီးသည်များ၊ အစိုးရတာဝန်ရှိသူများနှင့် သတင်းစာဆရာများပါရှိပြီး ၎င်းတို့ကို မွန်နာဘောင်မြို့ ဘူတာရုံတွင် အခမ်းအနားတစ်ရပ်ကျင်းပကာ ကြိုဆိုနှုတ်ခွန်းဆက်ခဲ့ပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အင်တာနက်။

အဆင့်မြင့် နည်းပညာသုံး ထုတ်ကုန်ပစ္စည်းများ တရုတ်နိုင်ငံတင်သွင်း

ပေကျင်း ဖေဖော်ဝါရီ ၁၈

တရုတ်နိုင်ငံရှိ အီလက်ထရွန်းနစ်နှင့် ဆက်သွယ်ရေးကိရိယာ ထုတ်လုပ်ရေးစက်မှုလုပ်ငန်းကဏ္ဍသည် ၂၀၀၆ ခုနှစ် ဇန်နဝါရီလအတွင်း အဆင့်မြင့်နည်းပညာသုံး ထုတ်ကုန်ပစ္စည်း ဒေါ်လာသန်း ၁၈၀ဝဖိုး ဝယ်ယူခဲ့ကြောင်း ကုန်သန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကြာသပတေးနေ့တွင် ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ ကွမ်တုန်ပြည်နယ် ဖိုရှန်းမြို့ရှိ ရုပ်မြင်သံကြားစက် ထုတ်လုပ်ရေးစက်ရုံတစ်ရုံ၏ လုပ်ငန်းခွင်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘဂ္ဂဒက်မြောက်ပိုင်း၌ ရေနံပိုက်လိုင်း ဖောက်ခွဲခံရ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၈

အဖျက်သမားများက ဘဂ္ဂဒက်မြောက်ပိုင်းဒေသရှိ အထင်ကရရေနံပိုက်လိုင်းတစ်ခုကို ဖောက်ခွဲဖျက်ဆီးမှုကြောင့် မီးအကြီးအကျယ်လောင်နေကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မီးလောင်

အီရတ်နိုင်ငံမြောက်ပိုင်း ဒေသရှိ ကယ်ကွတ်မြို့မှ ရေနံစိမ်းများကို ဘဂ္ဂဒက်မြို့တောင်ပိုင်းရှိ အယ်လ်-ဒူရာ ရေနံချက်စက်ရုံသို့ ပို့ပေးနေသည့် ရေနံပိုက်လိုင်းအောက်တွင် အဖျက်သမားများက ဗုံးဖြင့်ဖောက်ခွဲခဲ့သဖြင့် နံနက် ၉ နာရီခွဲခန့်တွင် မီးလောင်ခဲ့သည်ဟု ဘဂ္ဂဒက်ရဲတပ်ဖွဲ့မှ ရဲမှူး အာမက် အဗ္ဗဒူလာက ဆင်ဟွာသတင်းဌာနခွဲအား ပြောကြားသည်။ မီးသတ်သမားများနှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ပွားသည့်နေရာသို့ ရောက်ရှိလာကြသည်။ မီးလောင်မှုကြောင့် မီးခိုးလုံးကြီးများ မိုးယံသို့ အလိပ်လိုက်တက်သွားသည်ကို ဒေသခံများအနေဖြင့် အဝေးကပင် မြင်ရသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တစ်ချိန်တည်းမှာပင် ဘဂ္ဂဒက်မြောက်ပိုင်းဒေသရှိ ဆီဘီယာအစ်ကာခရိုင်တွင် ရဲတပ်ဖွဲ့ လှည့်ကင်းအနီး သောကြာနေ့ နံနက်ပိုင်းက လမ်းဘေးဗုံး ပေါက်ကွဲသဖြင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗင်နီဇွဲလားနိုင်ငံ မငြိမ်မသက်ဖြစ်အောင် ကန်ကြိုးပမ်းလျှင် ရေနံတင်ပို့မှုကို ဖြတ်တောက်မည်ဟု ချာဗက်ဇ် သတိပေး

ကာရာကတ်စ်(ဗင်နီဇွဲလား) ဖေဖော်ဝါရီ ၁၈

ဝါရှင်တန်က ဗင်နီဇွဲလား လက်ဝဲအစိုးရကို မငြိမ်မသက်ဖြစ်အောင် ကြိုးပမ်းလာလျှင် အမေရိကန်ပြည်ထောင်စုသို့ ရေနံတင်ပို့မှုဖြတ်တောက်ပစ်မည် ဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ် (ဝဲပုံ)**က ဖေဖော်ဝါရီ ၁၇ရက်၌ သတိပေးပြောကြားလိုက်သည်။**

ဗင်နီဇွဲလားအစိုးရသည် ကျူးဘားနှင့် ပူးပေါင်းကာ ဒေသတွင်း၌ အကြီးဆုံး ပြဿနာများထဲမှတစ်ခုကို ဖန်တီးနေကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်က ပြောကြားခဲ့ပြီးနောက်တစ်ရက်အကြာ ချာဗက်ဇ်က အထက်ပါအတိုင်း ခြိမ်းခြောက်ပြောဆိုလိုက်ခြင်းဖြစ်သည်။

အမေရိကန်အစိုးရ အနေဖြင့် မူဘောင်စည်းမျဉ်းကို ကျော်လွန်လာလျှင် ဗင်နီဇွဲလားရေနံကိုရတော့မည် မဟုတ်ကြောင်း ချာဗက်ဇ်က ပြောကြားလိုက်သည်။

မိမိအနေဖြင့် ယင်းကိစ္စနှင့် ပတ်သက်ပြီး အစီအမံများ ချမှတ်ဆောင်ရွက်ထားပြီဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် ရေနံများဖြတ်တောက်မည့် အစီအမံများ ချမှတ်လုပ်ဆောင်လိမ့်မည်ဟု ထင်ထားမည်မဟုတ်ကြောင်း ချာဗက်ဇ်က ထပ်လောင်း ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံသည် ကမ္ဘာပေါ်တွင် ရေနံပဉ္စမအများဆုံး တင်ပို့ရောင်းချနေသော နိုင်ငံဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသို့ နေ့စဉ် ရေနံစည်ပေါင်း ၁ဒသမ၅သန်း တင်ပို့ရောင်းချနေသည်။

ချာဗက်ဇ်နှင့် အမေရိကန်သမ္မတ ဘုရှ်တို့၏ ဆက်ဆံရေးသည် ဝါရှင်တန်က ဗင်နီဇွဲလားသံတမန်အား သူလျှိုလုပ်သည်ဆိုမှုဖြင့် နှင်ထုတ်ခဲ့ပြီးနောက် အခြေအနေတင်းမာလာခဲ့သည်။

အင်တာနက်။

တရုတ်နိုင်ငံ၏ အရုပ်ထုတ်လုပ်မှု ကမ္ဘာ့ဈေးကွက်ကို လွှမ်းမိုး

ပေကျင်း ဖေဖော်ဝါရီ ၁၈

ကမ္ဘာပေါ်ရှိ ကလေးကစားစရာအရုပ်များ၏ ထုတ်လုပ်မှု ၇၅ ရာခိုင်နှုန်းသည် တရုတ်နိုင်ငံတွင် ပြုလုပ်သည့် ပစ္စည်းများဖြစ်ကြောင်း တရုတ်ကုန်သည်ကြီးများအသင်း ထုတ်ကုန်သွင်းကုန်နှင့် အပေါ့စားစက်မှုကုန်ထုတ်အသင်းက သောကြာနေ့တွင် ပြောကြားသည်။

တရုတ်နိုင်ငံ၏ ကလေးကစားစရာအရုပ်များကို ဥရောပ၊ အမေရိကန်ပြည်ထောင်စု၊ ဂျပန်နှင့် အခြားသော နိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသည်။

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ်၏ ကစားစရာအရုပ်ထုတ်လုပ်မှုသည် တရုတ်နိုင်ငံတစ်နိုင်ငံလုံး ထုတ်လုပ်မှု၏ ၆၀ ရာခိုင်နှုန်းရှိသည်ဟု တရုတ်ကုန်သည်ကြီးများအသင်းက ပြောကြားသည်။ တရုတ်နိုင်ငံ၏ တစ်နှစ်တာ ကလေးကစားစရာ ထုတ်လုပ်မှုတန်ဖိုးသည် တရုတ်ယွမ်ငွေ သန်း ၅၀၀၀၀ (အမေရိကန်ဒေါ်လာသန်း ၆၀၀၀)အထိ ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဒုတိယကမ္ဘာစစ်က မပေါက်ကွဲဘဲ ကျန်ရှိခဲ့သော ဗုံးတစ်လုံးအား ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင် တစ်နေရာ၌ ရှာဖွေတွေ့ရှိခဲ့ပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ကြည့်ရှုစစ်ဆေးနေသည်ကို ဖေဖော်ဝါရီ ၁၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘရာဇီးနိုင်ငံ ကိုပါကာဘာနား ပင်လယ်ကမ်းခြေတွင် သဲဖြင့်ပြုလုပ်ထားသည့် ပန်းပုရုပ်တစ်ရုပ်ကို ဖေဖော်ဝါရီ ၁၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ ရုပ်ရှင်ပွဲတော် ဗန်ကောက်တွင် ဖွင့်လှစ်

ဗန်ကောက် ဖေဖော်ဝါရီ ၁၈

စတုတ္ထအကြိမ် ဗန်ကောက် နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကို ထိုင်းနိုင်ငံ မြို့တော် ဗန်ကောက်ရှိ ဆီယမ်ပါရာဂွန်ခန်းမတွင် သောကြာနေ့က ဖွင့်လှစ်လိုက်သည်။ လေးရက်တိုင်တိုင် ကျင်းပမည့် အဆိုပါ ရုပ်ရှင်ပွဲတော်တွင် ကမ္ဘာ့နိုင်ငံနှင့် ဒေသပေါင်း ၆၀ မှ ရုပ်ရှင်ဇာတ်ကားပေါင်း ၁၆၀ ခန့်ကို ပြသမည်ဖြစ်သည်။

ရုပ်ရှင်ပွဲတော်တွင် အာရှနိုင်ငံများမှ ထုတ်လုပ်သော ရုပ်ရှင်ဇာတ်ကားများနှင့် အော်စကာဆုအတွက် အမည်စာရင်းတင်သွင်းခံရသော ရုပ်ရှင်ဇာတ်ကားများကို ပြသရန်စီစဉ်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗီယက်နမ်နိုင်ငံတွင်ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း မြှင့်တင်နေသည့် သာယာလှပသော ဟာလောင် ပင်လယ်အော် တစ်နေရာကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)





ဂွာတာနာမို အကျဉ်းစခန်းကို ပိတ်ပစ်ရန် ဗြိတိသျှဝန်ကြီး အဖွဲ့ဝင်တစ်ဦး တိုက်တွန်း

လန်ဒန် ဖေဖော်ဝါရီ ၁၈

အမေရိကန်ပြည်ထောင်စုက ဂွာတာနာမိုပင်လယ်အော်ရှိ အကျဉ်းစခန်းကို ပိတ်ပစ်ရန် ဗြိတိသျှဝန်ကြီးအဖွဲ့ဝင်တစ်ဦးက တိုက်တွန်းပြောကြားကြောင်း ဘီဘီစီက ဖော်ပြသည်။

ပြောကြား

မိမိအနေဖြင့် ဂွာတာနာမို အကျဉ်းစခန်းရှိနေသည်ကို မနှစ်မြို့ကြောင်း၊ ယင်းစခန်း ပိတ်ပစ်ရန် လိုလားကြောင်း ဝေလနှင့်မြောက်ပိုင်းအိုင်ယာလန်ဒေသများဆိုင်ရာ ဝန်ကြီးဖြစ်သူ ပီတာဟိန်းက ကြာသပတေးနေ့က ထုတ်လွှင့်သည့် ရုပ်မြင်သံကြားဆွေးနွေးခန်း အစီအစဉ်တွင် ပြောကြားသည်။

ပိတ်ပစ်ရေး

ဂွာတာနာမို အကျဉ်းစခန်းရှိ အကျဉ်းသားများထံမှ သတင်းအချက်အလက်အချို့ ရရှိပါကြောင်း၊ ယင်းအကျဉ်းစခန်း ပိတ်ပစ်ရေးသည် ဗြိတိသျှအစိုးရ၏ မူဝါဒပင်ဖြစ်ကြောင်း စသည်ဖြင့် ၎င်းကထပ်လောင်း ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ဂျီးရီးယား၌ ရေနံတွင်းအနီး မီးလောင်

လေဂို့စ် ဖေဖော်ဝါရီ ၁၈

နိုင်ဂျီးရီးယားနိုင်ငံတောင်ပိုင်းရှိ ရှိုင်ရယ်ဒတ်ချ်ရှဲယ်ရေနံကုမ္ပဏီ၏ ရေနံတွင်းအနီး၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ ထိုရေနံလုပ်ငန်းကို ဖေဖော်ဝါရီ ၁၆ ရက်တွင် ပိတ်ထားလိုက်ရသည်။ အဆိုပါ ရေနံလုပ်ငန်းမှ နေ့စဉ်ရေနံစည် ၃၇၈၀၀ ခန့် ထုတ်လုပ်ပေးလျက်ရှိသည်ဟု ကုမ္ပဏီမှ ထုတ်ပြန်ပြောကြားခဲ့သည်။ ရှဲယ်လ်ရေနံကုမ္ပဏီ၏ လက်အောက်ခံ ကောသရိုနီရေနံတွင်းမှ နံနက်အစောပိုင်းတွင် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မီးငြိမ်းသတ်နိုင်ရန်အတွက် အဆိုပါ မီးလောင်မှုဖြစ်ပွားရာအနီးရှိ ကောသရိုနီ ရေနံအမှတ်-၁ ကို ပိတ်ထားခဲ့ရသည်။

ထိုသို့ ရေနံလုပ်ငန်းကို ပိတ်ထားလိုက်သည့်အတွက် ရေနံစည်ပေါင်း ၃၇၈၀၀ ထုတ်လုပ်မှုကို ရပ်ဆိုင်းခဲ့ရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကန်မရိန်းတပ်ဖွဲ့မှ ရဟတ်ယာဉ်နှစ်စင်းပျက်ကျ

ဝါရှင်တန် ဖေဖော်ဝါရီ ၁၈

အမေရိကန် မရိန်းတပ်ဖွဲ့မှ ရဟတ်ယာဉ်နှစ်စင်းသည် ဂျီဘူတီနိုင်ငံ ကမ်းလွန် အာဖရိကဒေသတွင် ပျက်ကျသွားရာ လေယာဉ်ဝန်ထမ်းနှစ်ဦး အသက်မသေဘဲ တွေ့ရှိခဲ့ရပြီး လူ ၁၀ ဦးယခုတိုင် ပျောက်ဆုံးနေကြောင်း အမေရိကန်စစ်ဌာနချုပ်၏ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။

ရဟတ်ယာဉ်ပျက်ကျမှုသည် ပစ်ခတ် တိုက်ခိုက်မှုကြောင့်ဟု ယုံကြည်နိုင်စရာ အကြောင်းမရှိကြောင်း အမေရိကန် တာဝန်ရှိပုဂ္ဂိုလ်များကို ကိုးကား၍ စီအင်အင်သတင်းဌာနက ပြောကြားသည်။ ယင်းကိစ္စကို စုံစမ်းစစ်ဆေးနေကြောင်း အာဖရိက ဦးချိုဒေသရှိ အမေရိကန် လေတပ်မှ ပြောရေးဆိုခွင့်ရှိသူ စင်ဒီဒေါဖနာက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အလေးချိန် ၁၅ ကီလိုဂရမ်ရှိသည့် တုတ်ခိုင်ဝဖြိုးသောကြောင်

ကျင်တောင် ဖေဖော်ဝါရီ ၁၉

တရုတ်နိုင်ငံ အရှေ့ပိုင်း ရှန်တုန်ပြည်နယ် ကျင်တောင်မြို့ရှိ နေအိမ်တစ်လုံးတွင် မွေးမြူထားသော ကြောင်သည် အလွန်ပင် တုတ်ခိုင်ဝဖြိုးသည့် ကြောင်တစ်ကောင်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၆ရက် မီဒီယာသတင်းများတွင် ဖော်ပြသည်။

ရှန်တုန်ပြည်၏ ပင်လယ်ကမ်းရိုးတန်း မြို့ကြီးတစ်မြို့ဖြစ်သော ကျင်တောင်မြို့တွင် နေထိုင်သည့် ကျူးဇီရောင်သည် အဝလွန်သည့် ကြောင်တစ်ကောင်ကို ပိုင်ဆိုင်သူဖြစ်သည်။

မိမိမွေးမြူထားသော ကြောင်သည် အသက်ကိုးနှစ်ရှိပြီး ကိုယ်အလေးချိန် ၁၅ ကီလိုဂရမ်ရှိကြောင်း၊ ယင်းကြောင်၏ ခါးအတိုင်းအတာမှာ ၇၇ စင်တီမီတာခန့်ရှိရာ လုံမငယ်လေးတစ်ဦး၏ ခါးအတိုင်းအတာထက်ပင် ပိုမိုနေကြောင်း ကျူးဇီရောင်က ပြောကြားသည်။

မိမိ၏ ကြောင်သည် အသားကို ကြိုက်နှစ်သက်သော်လည်း ငါးကိုမူ မစားကြောင်း၊ နေ့စဉ် ပေါင်မုန့်ကင်တစ်ချပ်၊ ကြက်နှလုံးတစ်စုံနှင့် ဝက်သားအချို့ကို ကျွေးမွေးရကြောင်း ကျူးဇီရောင်က ပြောကြား သည်။

အင်တာနက်။

ပညာပြန့်ပွား ခရီးသွားဖြင့် စီးပွားလမ်းခင်းပေးပါစို့

မဆွေ(ရန်ကုန်တက္ကသိုလ်)

လရောင်ဝင်းပ၊ ကြယ်စင်ည၏
အေးမြလင်းကျင်း၊ ညဥ့်လေညင်းတွင်
ပျံ့သင်းကုမုဒြာ၊ ပွင့်ဝေဆာသို့
ပညာရနံ့၊ ထုံပျံ့ကြိုင်သင်း
အလှပန်းခင်းကို
ဖန်ဆင်းတည်ဆောက်ကြပါစို့။
"ပညာပြန့်ပွား ခရီးသွား"ဖြင့်
စီးပွားလမ်းခင်းပေးပါစို့။

ဟူသည့် ဆွေယင်းမာ (ရန်ကုန်တက္ကသိုလ်)၏ **"ပန်းပျိုးသူများသို့"** ကဗျာကို ရန်ကုန်တက္ကသိုလ် Course On The Travel Industry မှ ဖြန့်ဝေသော သင်တန်းဆင်း အမှတ်တရစာစောင်တွင် ဖတ်မိလိုက်ကြသူများ ရှိပါလိမ့်မည်။

Tourism(ခရီးသွားလုပ်ငန်း)ဟူသော စကားလုံးကို ၁၉၉၅-၉၆ ခုနှစ်ခန့်မှစ၍ ဆယ်စုနှစ်တစ်ခုအတွင်း အသုံးများ အပြောများလာကြသည်ကို သတိပြုမိပါသည်။ Tourismကို စိတ်ဝင်စားကြသူများ အလွန်များလာကြပါသည်။ ပညာရှင်များ၊ ပညာတတ်လူလတ်တန်းစားများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အလုပ်သစ်အကိုင်သစ် လမ်းကြောင်းသစ် ဘဝသစ်ကို ရှာဖွေဖန်တီးလိုသူများ အစရှိသူတို့သည် Tourism ကို ကိုယ့်ရှုထောင့်မှ ကိုယ်စိတ်ဝင်စားလာကြပါသည်။ ဖတ်မိကြားမိ လေ့လာမိသမျှနှင့် အဓိပ္ပာယ် အမျိုးမျိုးဖွင့်ကြပါသည်။ အမျိုးမျိုး ဝေဖန်ကြပါသည်။ အမျိုးမျိုး လေ့လာသုံးသပ်ကြပါသည်။ ထင်မြင်ချက် အမျိုးမျိုးရှိကြပါသည်။ အကြံပြုချက် အမျိုးမျိုး ပေးကြပါသည်။

အသေချာဆုံးသောအချက်မှာ Tourismကို စိတ်ဝင်စားနေကြခြင်းဖြစ်ပြီး စိတ်ဝင်စားကြခြင်း၏ အခြေခံအကျဆုံးသော အချက်မှာ **"Tourism ကြောင့် စီးပွားဖြစ်နိုင်သည်"**ဟု ယူဆယုံကြည်နေကြသောကြောင့်ဖြစ်သည်။ မှန်ပါသည်။

ခရီးသွားလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးကို အချိန်တိုအတွင်း ကြီးပွားတိုးတက် သွားစေနိုင်သည်။ သို့ကြောင့် ခရီးသွားလုပ်ငန်းကို စီးပွားရေးလုပ်ငန်းအဖြစ် ရှုမြင်ကြပါသည်။

တကယ်တော့ ထိုမျှသာမကပါ။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်သောနိုင်ငံမှ ပြည်သူများသည် စီးပွားရေးနှင့်အတူ လူမှုဆက်ဆံရေး အဆင့်အတန်း၊ လူနေမှုအဆင့်အတန်း၊ ပညာတတ်မြောက်မှု အဆင့်အတန်း စသည်များ မြင့်တက်လာကြပါသည်။

ခရီးသွားလုပ်ငန်းသည် မြင့်မြင့်မှန်းပြီး များများဖြစ်ချင်သော လူ့သဘာဝကို ဖြည့်ဆည်းပေးစွမ်းနိုင်သော လုပ်ငန်းကြီး ဖြစ်နေပါသည်။

သို့သော် ခရီးသွားလုပ်ငန်းသည် အခြားသော စီးပွားရေးလုပ်ငန်းများကဲ့သို့ အရင်းအနှီးရှိရုံ၊ သာမန်မျှ နားလည်သဘောပေါက်ရုံ၊ ဈေးဗန်းချရုံ၊ ဆိုင်ဖွင့်ရုံ၊ စက်ရုံတည်ရုံ၊ ကုန်လှောင်ရုံဆောက်ရုံ၊ ရောင်းသူနှင့် ဝယ်သူနှစ်ဦး ချိတ်ဆက်ရုံဖြင့် စီးပွားရှာ၍ ရသောလုပ်ငန်းမျိုး မဟုတ်ပါချေ။

တစ်ဖက်တွင် နိုင်ငံအသီးသီးတို့မှ ဧည့်သည်များကို ကျေနပ်နှစ်သိမ့်အောင် ဝန်ဆောင်မှုပေးရခြင်းဖြစ်ပြီး အခြားတစ်ဖက်တွင်လည်း **ခရီးသွားလုပ်ငန်း အရင်းအနှီးများဖြစ်သည့် နိုင်ငံ၏ ရေမြေသဘာဝ ဝန်းကျင်၊ ယဉ်ကျေးမှု အမွေအနှစ်များနှင့် လူမှုဘဝ ဓလေ့ထုံးစံများကို မပျက်စီးအောင် ထိန်းသိမ်းရသော စီးပွားရေးလုပ်ငန်းမျိုး** ဖြစ်သည်။ ယင်းတို့ပျက်စီးသည်နှင့် နိုင်ငံလည်း ဂုဏ်သိက္ခာကျ၊ ခရီးသည်လည်းမလာ၊ ခရီးသွား စီးပွားရေးလုပ်ငန်းလည်း ပျက်သုဉ်းသွားမည်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်တွင် တက္ကသိုလ်ဆရာ၊ ဆရာမများအတွက် ဖွင့်လှစ်သော ခရီးသွားလုပ်ငန်း ဒီပလိုမာသင်တန်းသို့ တက်ရောက်ရသောအခါ ဤအခြေခံ သဘောတရားများနှင့်အတူ ခရီးသွားလုပ်ငန်း၏ အခြားစီးပွားရေးများနှင့် မတူညီသော သဘောသဘာဝ၊ လူများကို ဝန်ဆောင်မှုပေးရခြင်းဖြစ်သော ခရီးသွားလုပ်ငန်း၏ သိမ်မွေ့ထွေပြားမှု၊ ထိလွယ်ရှလွယ်မှု၊ အထိအရှ အနာတရများကို ရှောင်ရှားကုစားနိုင်စွမ်းရှိရမှု၊ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမှုများ စသည်တို့ကို သိရှိလာရပါသည်။

ခရီးသွားလုပ်ငန်းသည် စီးပွားရေးလုပ်ငန်းသက်သက်မဟုတ်ကြောင်း၊ ပညာရပ် တစ်ခုဖြစ်ကြောင်း၊ လူမှုရေး၊ ပညာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစသော အခြားသော နယ်ပယ်များစွာနှင့်ဆက်စပ်နေကြောင်း ခရီးသွားလုပ်ငန်းပညာရပ်မှရရှိသော အသိအမြင်များ (Knowledge of Tourism) ကို ပြည်သူပြည်သားများ နားလည်သဘောပေါက်အောင် ဖြန့်ချိရမည်ဖြစ်ကြောင်း သိမြင်လာမိပါသည်။

နိုင်ငံတစ်နိုင်ငံသည် ခရီးသွားလုပ်ငန်းဖြင့် စီးပွားရှာမည်ဆိုပါက **ရေရှည် စဉ်ဆက်မပြတ် အကျိုးစီးပွားဖြစ်ထွန်းသော ခရီးသွားလုပ်ငန်း (Sustainable Tourism)လည်း ဖြစ်စေ၊ မိမိနိုင်ငံ၏ရေမြေသဘာဝ (nature)၊ ယဉ်ကျေးမှု အမွေအနှစ် (cultural heritage)၊ လူနေမှုဘဝနှင့် ဓလေ့ထုံးစံ (Life style & customs)များလည်း မပျက်ပြားစေသော စီးပွားရေးမျိုး** ဖြစ်ရပါမည်။ ဤအချက်သည် Tourism Industry ၏ အရေးအကြီးဆုံးသော တစ်ခုတည်းသော အဓိကအချက်ကြီး ဖြစ်ပါသည်။

အဘယ်ကြောင့်ဤသို့ဆိုရပါသနည်း။

ရေမြေသဘာဝဝန်းကျင် စိမ်းလန်းစိုပြည်သော၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ကြွယ်ဝသော၊ ပင်လယ်ကမ်းခြေများ ပြန့်ပြူးသော၊ တိုင်းရင်းသား လူမျိုးစုများရှိသော ခရီးစဉ်ဒေသများကို ခရီးသွားဧည့်သည်များစိတ်ဝင်စားကြပါသည်။ ယင်းနိုင်ငံ ဒေသများသို့ ခရီးသည်အများအပြား လာရောက်သည်ဆိုပါစို့။ ခရီးသည်များစွာ၏ စွန့်ပစ်ပစ္စည်းများ၊ စည်းကမ်းမရှိမှုများ စသည်များကြောင့် သဘာဝပတ်ဝန်းကျင်များ ညစ်ညမ်းပျက်စီးနိုင်သည်။ ရှေးဟောင်းအမွေအနှစ်များကို ကိုင်တွယ်ခြင်း၊ အမှတ်တရအဖြစ် သယ်ဆောင်ခြင်း၊ စီးပွားဖြစ်ခိုးယူခြင်းများကြောင့် ယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးဆုံးရှုံးနိုင်သည်။ ဒေသခံတိုင်းရင်းသားလူမျိုးများသည် ဝတ်စားသုံးစွဲနိုင်သော ခရီးသည်များကို အထင်ကြီးအားကျကြသောကြောင့် မိမိတို့၏ ရိုးရာဝတ်စားဆင်ယင်မှုများကို စွန့်ပယ်ပြီး ခရီးသည်များကဲ့သို့ ဝတ်စားဆင်ယင်လာတတ်ကြသည်။ ယင်းသို့ဖြင့် **သဘာဝ ဝန်းကျင် ယဉ်ကျေးမှု အမွေအနှစ်နှင့် လူနေမှုဓလေ့ထုံးစံများ ပျက်ပြား လာသောအခါ ယင်းဒေသမျိုးသို့ မည်သည့်ခရီးသည်မျှလာရောက်တော့မည်မဟုတ်ပါချေ။**

သဘာဝပတ်ဝန်းကျင်ကို မပျက်မစီးအောင် ထိန်းသိမ်းရန် အလွန်အရေးကြီးနေပြီဖြစ်သော ယနေ့ကမ္ဘာ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အလွန်အရေး ကြီးနေပြီဖြစ်သော ယနေ့ကမ္ဘာတွင် ကမ္ဘာ့ပြည်သူများအတွက် ခရီးသွားလုပ်ငန်းသည် သုံးတတ်လျှင် ကမ္ဘာတည်သည်နှင့်အမျှ စားမကုန်နိုင်သော ပဒေသာပင်ကြီးဖြစ်ပါသည်။ မသုံးတတ်လျှင်မူ ရေတိုစီးပွားရေးမျှသာဖြစ်ပြီး ရေရှည်တွင် သဘာဝပတ်ဝန်းကျင်ပျက်ပြားမှု၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၊ လူမှုဘဝပုံစံပျက်ပြားမှု၊ ရောဂါဘယ ထူပြောမှု၊ နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာ ထိခိုက်ညှိုးနွမ်းမှု အစရှိသော အနိဋ္ဌာရုံအမွေများကို ခံစားရရှိစေမည့် လုပ်ငန်းကြီးဖြစ်ပါသည်။

ထို့အတူ မိမိဒေသ ပျက်စီးမည်စိုးသောကြောင့်ဆိုပြီး ခရီးသွားလုပ်ငန်းကို မလုပ်မကိုင်ဘဲနေမည်ဆိုပါလျှင်လည်း စီးပွားရေး၊ လူမှုရေး၊ ပညာရေး ဖွံ့ဖြိုးတိုးတက်မှု၊ ခေတ်နှင့်အညီခေတ်မီမှု၊ နိုင်ငံတကာ အဆင့်သို့ ရောက်ရှိမှု ဟူသော အကျိုးရလဒ်ကို မခံစားရဘဲ ရှိပါချိမ့်မည်။

"အိမ်သာမှ ဧည့်လာသည်" "ဧည့်လာမှ အိမ်သာသည်"ဟူသော မြန်မာ့ဆိုရိုးစကားများရှိပါသည်။

ဧည့်သည်မလာခြင်းကြောင့် မိမိနိုင်ငံ၏ စိုပြည်စိမ်းလန်း ငြိမ်းချမ်းသောဂုဏ်ရည် မိမိလူမျိုး၏ ယဉ်ကျေးဖော်ရွေသော လူမှုဆက်ဆံရေးဂုဏ်ရည်၊ ရှေးကျသော ယဉ်ကျေးမှုအမွေအနှစ်များစွာ၏ စိတ်ဝင်စားဖွယ် ဂုဏ်ရည်သည် လူမသိသူမသိ ဖြစ်နေပါလိမ့်မည်။ မိမိနိုင်ငံ၊ မိမိရေ၊ မြေဒေသ၏ ပုံရိပ်သည် မှေးမှိန်မှုန်ဝါးနေပါလိမ့်မည်။

တစ်ဖက်မှလည်း ဧည့်သည်များများလာမှသာ ကိုယ့်နိုင်ငံကို လူသိမည်၊ ကိုယ့်ဂုဏ်ရည်ကို ပီပြင်မှန်ကန်စွာပြနိုင်မည်။ လူငယ်များ အလုပ်အကိုင် အခွင့်အလမ်းများစွာ ရရှိလာလိမ့်မည်။ ခရီးသွားလုပ်ငန်းသည် လစာဝင်ငွေကောင်းသော လုပ်ငန်းဖြစ်သောကြောင့် မိသားစုများ စီးပွားရေး၊ ပညာရေး၊ လူမှုရေး အဘက်ဘက်တွင် အဆင့်အတန်း မြင့်မားလာလိမ့်မည်ဖြစ်သည်။

သို့ကြောင့် **ရေရှည်အကျိုးစီးပွားဖြစ်ထွန်းသော ခရီးသွားစီးပွားရေးလုပ်ငန်း** ဖြစ်ထွန်းနိုင်ရန်အတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ မှန်ကန်သော အသိ၊ အတွေး၊ ခံယူချက်များကို ပြည်သူအများ ဒေသဆိုင်ရာ အဖွဲ့အစည်းများ သိရှိဆောင်ရွက်သင့်ကြသည်ဖြစ်ပါသည်။

အထူးသဖြင့် ခရီးသွားလုပ်ငန်းကုမ္ပဏီများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ဧည့်လမ်းညွှန်များမှအစ နိုင်ငံခြားသား ခရီးသွားဧည့်သည်များ သွားရောက်ကြသည့် ခရီးစဉ်ဒေသများမှ ဒေသခံများ၊ ယင်းဒေသများမှ အဆင့်ဆင့်သော အာဏာပိုင်အဖွဲ့အစည်းများ၊ ခရီးသွားလုပ်ငန်းနှင့် နီးနွှယ်နေသော ဟိုတယ်၊ မိုတယ်၊ အင်းများအလယ်၊ စားသောက်ဆိုင်များ၊ အမှတ်တရ ပစ္စည်းဆိုင်များ၊ အမှတ်တရပစ္စည်း ထုတ်လုပ်သူများ၊ အသားငါး ဟင်းသီးဟင်းရွက် အသီးအနှံ မွေးမြူစိုက်ပျိုး ပေးသွင်းသူများ၊ ခရီးသွားဧည့်သည်တင် ယာဉ်မောင်းများနှင့် ဧည့်သည်တင်ယာဉ်ပိုင်ရှင်များအဆုံး၊ ခရီးသွားလုပ်ငန်းနှင့် စီးပွားဆက်စပ် ရှာဖွေကြသူများအားလုံးသည် ခရီးသွားလုပ်ငန်း ဗဟုသုတကြွယ်ဝကြဖို့ ပိုမိုလိုအပ်ပါသည်။ ခရီးသွားလုပ်ငန်း အတွေးအမြင် ကြည်လင်မှန်ကန်ရန် အထူးလိုအပ်ပါသည်။ ခရီးသွားလုပ်ငန်းပညာကို လေ့လာဆည်းပူးခြင်းဖြင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဗဟုသုတများ ပြည့်ဝအောင် စုဆောင်းကြရမည်ဖြစ်သည်။

Tourism Diploma သင်တန်းသည် ခရီးသွားလုပ်ငန်းပညာ ပြန့်ပွားရေးအတွက် ကြိုးစားအားထုတ်ရမည့် သင်တန်းဖြစ်ပါသည်။ Tourism Diploma ရရှိပြီးသူများနှင့် သင်တန်းသားများသည် ပို့ချခြင်း၊ ဆွေးနွေးခြင်း၊ လက်တွေ့လေ့လာခြင်း၊ စာတမ်းပြုစုခြင်း၊ စာမေးပွဲဖြေဆိုခြင်းများသာမက ဆောင်းပါးများရေးခြင်း၊ အသံလွှင့်ဟောပြောခြင်း၊ တွေ့ဆုံမေးမြန်းမှုများပြုလုပ်ခြင်း၊ ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်ခြင်း စသောနည်းလမ်းအသွယ်သွယ်ဖြင့် ပြည်သူများအကြားသို့ ခရီးသွားလုပ်ငန်း အသိအမြင်များ ပျံ့နှံ့ရောက်ရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

"တက္ကသိုလ် ပညာရွာမှ
ပညာပြန့်ပွား ခရီးသွားဖြင့်၊
စီးပွားလမ်းခင်းပေးပါစို့---"။ ။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် နယ်လှည့်စာကြည့်တိုက် နံ့ရံကပ်စာစောင် ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက်က (၄၉)ရပ်ကွက် မဟော်သဓာ စာကြည့်တိုက်တွင်ကျင်းပရာ မြို့နယ် ပြန်ဆက်ဦးစီးမှူး ဒေါ်လှလှဌေးနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင်ရွှေတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။ (မြို့နယ်/ပြန်ဆက်)

အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း လှိုင်မြို့နယ်၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၇ရက်က ကျင်းပရာ တက္ကသိုလ်ဝင်တန်းတွင် လေးဘာသာ ဂုဏ်ထူးရရှိသော မောင်ကျော်ဝေလင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်သန်း ဆုချီးမြှင့်စဉ်။ (ပညာရေး)

သန်လျင်မြို့နေ ကျေးရူးရှင်ဖခင် ဦးမြင့် - မိခင် ဒေါ်တင်မြတို့အား အမှူးထား၍ ဆရာမကြီး ဒေါ်အေးအေးခန့်၊ သား မောင်အောင်နိုင်ဦး၊ မောင်မင်းမင်း၊ သမီး မအေးမြခိုင် မိသားစုတို့က လှိုင်သာယာမြို့နယ် မဟာအောင်မြေရိပ်သာကျောင်းတိုက်၌ အသုံးပြုရန် မီးစက်အတွက် အလှူငွေကျပ် ၁၈ သိန်းကို ဖေဖော်ဝါရီ ၁၉ရက်က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သရက်ဆရာတော် ဘဒ္ဒန္တ ကောသလ္လ(အဂ္ဂမဟာပဏ္ဍိတ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (၅၂၇)

မြန်မာနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတင်ထူထောင်စဉ်ကတည်းက အစောဆုံး အသိအမှတ်ပြုခဲ့ တရုတ်တစ်နိုင်ငံတည်း မူဝါဒ (One China Policy)ကို အစဉ်တစိုက် ထောက်ခံလျက်ရှိ

✪ ရွှေဖုံးမှ

တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလီကျောက်ရှင်း၊ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဗွေ့ထရန့်ခိုင်၊ သမ္မတရုံးအတွင်းဝန် မစ္စတာချန်ရှီဂျူ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာဟူကျွန်းရေး၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့် အဆင့်မြင့်အရာရှိကြီးများတက်ရောက်ကြသည်။

အောင်မြင်သည့်ခရီးစဉ်

ထိုသို့တွေ့ဆုံရာတွင် သမ္မတ မစ္စတာ ဟူကျင်တောင်က အဆွေတော် ဝန်ကြီးချုပ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခြင်းကို လှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊ ဝန်ကြီးချုပ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လာရောက်သည့် ဤခရီးစဉ်အတွင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ကြပြီဖြစ်ကြောင်း၊ အဆွေတော်ဝန်ကြီးချုပ်၏ ခရီးစဉ်မပြီးဆုံးသေးသော်လည်း အောင်မြင်သည့် ခရီးစဉ်ဖြစ်ကြောင်းဖြင့် ပဏာမဆွေးနွေးသည်။

အကျိုးတူပူးပေါင်းဆောင်ရွက်ရေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ဆွေးနွေးရာ၌ မိမိနှင့်အဖွဲ့အား သမ္မတကြီးက ယခုကဲ့သို့ လှိုက်လှဲစွာကြိုဆိုမှုအတွက် ဂုဏ်ယူပါကြောင်း၊ ယမန်နေ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ-နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်နှင့် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးခဲ့ကြပြီး သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာရှစ်ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြကြောင်း။

ယခုကဲ့သို့ မိမိတို့၏ ချစ်ကြည်ရေးခရီးစဉ် အောင်မြင်အောင် စီစဉ်ဆောင်ရွက်ပေးကြသည့် အဆွေတော်သမ္မတကြီးနှင့် ခေါင်းဆောင်များအား ကျေးဇူးတင်ရှိပါကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အဆွေတော်သမ္မတကြီးအား နှုတ်ခွန်းဆက်စကားပါးလိုက်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံကြီး ဆက်လက်အောင်မြင်မှုများရစေရန်နှင့် အဆွေတော် ကျန်းမာရွှင်လန်းစေရန်လည်း ဆုမွန်ကောင်းများ တောင်းလိုက်ပါကြောင်း။

ပြီးခဲ့သည့်နှစ် ဧပြီလက အဆွေတော်နှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့ ဂျကာတာမြို့၌ တွေ့ဆုံစဉ် အဆွေတော်သမ္မတကြီးက မြန်မာနိုင်ငံအပေါ် ပိုမိုကူညီအားပေးသွားမှာဖြစ်ကြောင်း ပြောကြားခဲ့ခြင်းအတွက် များစွာကျေးဇူးတင်ရှိကြောင်းကိုလည်း အဆွေတော်အား မိမိမှတစ်ဆင့် မှာကြားလိုက်ပါကြောင်း။

အဆွေတော်သမ္မတကြီး၏ ခေါင်းဆောင်မှုအောက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အရှိန်အဟုန်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်နေပြီး ပြည်သူတစ်ရပ်လုံးသည်လည်း စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့မြင်ရသဖြင့် မိတ်ဆွေ မြန်မာနိုင်ငံအနေဖြင့် များစွာနှစ်ထောင်းအားရ ဖြစ်ရပါကြောင်း။

အားသွန်ခွန်စိုက်ကြိုးပမ်း

ယနေ့ မြန်မာနိုင်ငံအစိုးရအနေဖြင့်လည်း ပြည်သူများ၏ လူနေမှုဘဝမြင့်မားတိုးတက်လာရေးအတွက် နိုင်ငံတော် တည်ငြိမ်အေးချမ်းအောင်၊ စီးပွားရေးအခြေခံကောင်းများ ရရှိအောင်နှင့် ပြည်သူများ အသိပညာမြင့်မားတိုးတက်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ထိုအချိန်တွင် မိမိတို့၏ မိတ်ဆွေစစ်စစ်ဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံက နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအရ ကူညီစောင့်ရှောက်ရပ်တည်မှုများ ပေးနေသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး တရုတ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများ၊ ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများဘက်မှ တရုတ်နိုင်ငံ၏ ရပ်တည်ဆောင်ရွက်ချက်များအပေါ် သုံးသပ်ပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်တောင်က အဆွေတော်အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အောင်မြင်မှုများကို ချီးကျူးခြင်းအတွက် ကျေးဇူးတင်ပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အိမ်နီးချင်းကောင်းနိုင်ငံများအဖြစ် ရှေးနှစ်ပေါင်းများစွာကပင် ချစ်ကြည်ရင်းနှီးစွာ ရွှေလမ်းငွေလမ်း ဖောက်ခဲ့ကြကြောင်း။

ဦးစွာအသိအမှတ်ပြုခဲ့

တရုတ်ပြည်သူ့သမ္မတ နိုင်ငံသစ်အဖြစ် ထူထောင်ခဲ့ရာတွင် ရှေးဦးစွာ အသိအမှတ်ပြုသည့် နိုင်ငံများ၌ မြန်မာနိုင်ငံပါဝင်ခဲ့ကြောင်း၊ ထို့ပြင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက် ချမှတ်ပြီး အဆိုပါမူကြီးများနှင့်အညီ အတူတကွ ဆက်သွယ်ဆက်ဆံမှုများ ပြုခဲ့ကြကြောင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုများမှာလည်း အစဉ်မပြတ် တိုးတက်ဖြစ်ထွန်းလျက်ရှိနေကြောင်း။

မြန်မာနိုင်ငံအစိုးရအနေဖြင့် တရုတ်နိုင်ငံ တစ်နိုင်ငံတည်းမူ (One China Policy) ကို အစဉ်တစိုက် ထောက်ခံခဲ့ခြင်းအတွက်လည်း ကျေးဇူးအထူးတင်ရှိကြောင်း၊ မိမိနှင့် မြန်မာနိုင်ငံအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့ နှစ်ဦး ၂၀၀၅ခုနှစ်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ တွေ့ဆုံခဲ့စဉ်ကလည်း နှစ်ဦးနှစ်ဖက် အမြင်ချင်းဖလှယ်ခဲ့ကြပြီး ကဏ္ဍအသီးသီးတွင် ပူးတွဲဆောင်ရွက်မှုများကို ကျေနပ်အားရမှုရှိကြကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ချစ်ခင်ရင်းနှီးစွာ ဆက်ဆံရေးသည် တရုတ်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒပင်ဖြစ်ပါကြောင်း၊ အိမ်နီးချင်းများ တည်ငြိမ်အေးချမ်းရေး၊ ချမ်းသာကြီးပွားရေးအတွက် အမြဲမပြတ် အလေးထားလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ လုံခြုံရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အစဉ်အမြဲ လေးစားပါကြောင်း။

ထို့ပြင် မြန်မာပြည်သူများအနေဖြင့် မိမိတို့၏ ကံကြမ္မာကို မိမိတို့ကိုယ်တိုင် ဖန်တီးနိုင်ရမှာဖြစ်ကြောင်း၊ ပြည်ပအင်အားစုများက စီးပွားရေးပိတ်ဆို့ပြီး ဝင်ရောက်စွက်ဖက်မှုကို ပွင့်ပွင့်လင်းလင်း ဆန့်ကျင်ပါကြောင်း။

အောင်မြင်မှုရရှိမည်

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဦးဆောင်မှုဖြင့် ပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ရေး ဦးတည်ဆောင်ရွက်နေမှုများ အောင်မြင်မှုရရှိမည်ဟု ယုံကြည်ကြောင်း။

ဆွေမျိုးများ အပြန်အလှန် အသွားအလာများလေ သံယောဇဉ်နက်ရှိုင်းမှု တိုးပွားလေဆိုသည့် စကားပုံအတိုင်း မြန်မာနိုင်ငံ၏ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အဆင်ပြေသည့်အချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ရန် ဖိတ်ကြားလိုက်ပါကြောင်းကို အဆွေတော်မှတစ်ဆင့် ပြောကြားပေးစေလိုပါကြောင်းဖြင့် ပြောကြားသည်။

အစဉ်တစိုက်ထောက်ခံ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတင်ထူထောင်စဉ်ကတည်းက အစောဆုံး အသိအမှတ်ပြုခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy) ကို အစဉ်တစိုက် ထောက်ခံလျက်ရှိကြောင်း၊ ထိုင်ဝမ်ကိုလည်း တရုတ်နိုင်ငံ၏ ခွဲခြားမရသည့် အစိတ်အပိုင်းတစ်ခုအဖြစ် အမြဲတမ်း ခံယူထားပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်မှုအခြေအနေကို ရှင်းလင်းပြောကြားပြီး ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၃၁ရက်အထိ အမျိုးသားညီလာခံတွင် ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ မိမိတို့အနေဖြင့် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဖိတ်မန္တကပြု

ထို့နောက် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ်(၅၀)ပြည့် ၂၀၀၀ပြည့်နှစ်တွင် အဆွေတော်သမ္မတကြီး မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်ခဲ့သည်မှာ နှစ်အတော်ကြာသွားပြီဖြစ်သည့်အတွက် နောက်တစ်ကြိမ် ထပ်မံလာရောက်ပါရန် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဖိတ်မန္တကပြုလိုက်ပါကြောင်းဖြင့် ပြောကြားရာ သမ္မတ မစ္စတာဟူကျင်တောင်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဖိတ်ကြားချက်ကို ဝမ်းမြောက်ဝမ်းသာ လက်ခံပါကြောင်း ပြန်လည်ပြောကြားသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအစိုးရအနေဖြင့် တရုတ်နိုင်ငံ တစ်နိုင်ငံတည်းမူ (One China Policy) ကို အစဉ်တစိုက် ထောက်ခံခဲ့ခြင်းအတွက်လည်း ကျေးဇူးအထူးတင်ရှိ၊

မိမိနှင့် မြန်မာနိုင်ငံ အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့ နှစ်ဦး ၂၀၀၅ခုနှစ်တွင် အင်ဒိုနီးရှား သမ္မတနိုင်ငံ၌ တွေ့ဆုံခဲ့စဉ်ကလည်း နှစ်ဦးနှစ်ဖက် အမြင်ချင်းဖလှယ်ခဲ့ကြပြီး ကဏ္ဍအသီးသီးတွင် ပူးတွဲဆောင်ရွက်မှုများကို ကျေနပ်အားရမှုရှိကြ။

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်း ဆေး/ငြိမ်း ရပ်ကွက်နေ ဒေါ်ရင်ခွမ်းက (၇၅)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင် စာရင်းစစ် ဦးသန်းအောင် လက်ခံယူစဉ်။ (က-ပ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၈)ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၈)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ ဒိုင်ယာရီ၊ ရဲနွယ်ရေလှောင်တမံ မတ်လမကုန်မီ ဖွင့်လှစ်မည်၊ လုပ်ငန်းသုံးမီးစက်များကို အင်တာနက်ချိတ်၍ ဖွင့်ပိတ်ထိန်းချုပ်နိုင်သောစနစ် ပြည်တွင်း၌ အသုံးပြုနိုင်ပြီ၊ အာရှနေဘဏ်တွင် ငွေနှင့် အခြားအမျိုးမျိုး အပ်နှံသူများ၊ မြီရှင်များ ဖေဖော်ဝါရီလကုန် နောက်ဆုံးထား၍ ထုတ်ယူရန် ကြေညာစသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

အမဲလိုက်တော်သည့် ဒုတိယသမ္မတဒစ်ချေနီ ပစ်လိုက်တော့ငှက် ထိတော့အမဲလိုက်ဖော်၊ သီရိလင်္ကာ ဆင်ပိုင်ရှင်များအသင်း ဆင်ပြေးခုန်ပစ်ပြိုင်ပွဲကျင်းပ၊ တရုတ်နိုင်ငံ၏ အမျိုးသားငါးနှစ်စီမံကိန်း အစီရင်ခံစာအတွက် ကွန်မြူနစ်ပါတီဝင်မဟုတ်သော နိုင်ငံရေးသမားဘဝနှင့် အလွှာပေါင်းစုံမှ ပညာရှင်များ၏ အကြံဉာဏ်ကို ရယူခဲ့ စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက် ဆောင်းပါးများ၊ အားကစား၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House ဖုန်း-၅၀၀၇၂၁ က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က-ပ)

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် ဖေဖော်ဝါရီ ၇ရက်က မိဘများအား အမှူးထား၍ မော်လမြိုင် ဒိုင်းဝန်ကွင်း၊ ဝတ်ကြီးလမ်းနေ ဦးသန်း လှိုင်-ဒေါ်နီနီသန်း မိသားစုတို့က ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (၂၅၇)

သမိုင်းကြောင်းတစ်လျှောက် တရုတ်-မြန်မာချစ်ကြည်ရင်းနှီးမှုကို နှစ်နိုင်ငံခေါင်းဆောင်ကြီးများ ပြုစုပျိုးထောင်ခဲ့ နိုင်ငံတကာအခြေအနေ၊ ပြည်တွင်းရေးအခြေအနေများ ပြောင်းလဲလာခဲ့သော်လည်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တည်မြဲရှင်သန်

❍ ကျောဖုံးမှ

ထိုသို့ တွေ့ဆုံရာတွင် မစ္စတာဝူဘန်ကိုက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ခရီးစဉ်သည် တရုတ်-မြန်မာ နှစ်နိုင်ငံ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ထပ်ဆင့်တွန်းအားပေးနိုင်မည်ဟု ယုံကြည်ကြောင်းဖြင့် ပဏာမဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ်က မိမိနှင့်အဖွဲ့အား နွေးထွေးစွာ လက်ခံတွေ့ဆုံခြင်းအတွက် ကျေးဇူးတင်ဝမ်းမြောက်ရပါကြောင်း၊ ဦးစွာ အဆွေတော်၏ မိတ်ဟောင်းဆွေဟောင်းများဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးတို့က အဆွေတော်အား နှုတ်ခွန်းဆက်လိုက်ပါကြောင်း။

အဆွေတော်အနေဖြင့် မြန်မာနိုင်ငံသို့ ၁၉၉၇ ခုနှစ်က ရောက်ရှိခဲ့ပြီး ရောက်ရှိသည့် အချိန်ကာလ ကြာသွားပြီဖြစ်၍ မြန်မာနိုင်ငံသို့ နောက်တစ်ကြိမ် အလည် လာရောက်ပါရန် မိမိမှ တစ်ဆင့် ဖိတ်ကြား လိုက်ပါကြောင်း။

အားရဖွယ်တွေ့ရ

မိမိတို့ တရုတ် ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိသည့် အချိန်တိုင်းမှာပင် တရုတ် ပြည်သူ့ သမ္မတ နိုင်ငံကြီးမှာ အရှိန်အဟုန်ဖြင့် တိုးတက်နေသည်ကို တွေ့ရှိရကြောင်း၊ဤကဲ့သို့ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် တရုတ် ပြည်သူ့ သမ္မတနိုင်ငံကြီးအတွက် လိုအပ်သည့် ဥပဒေများကို အဆွေတော် ဦးဆောင်သည့် အမျိုးသား ပြည်သူ့ကွန်ဂရက်က နိုင်ငံ၏ တိုးတက်မှုနှင့် တစ်ပြေးညီ ပြဋ္ဌာန်းပေးနေသည်ကို အားရဖွယ်တွေ့မြင်နေရကြောင်း။

မြန်မာနိုင်ငံ အနေဖြင့်လည်း နိုင်ငံတော် တည်ငြိမ် အေးချမ်းရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ စီးပွားရေးအခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းရေးတို့ကို တစ်ပြိုင်တည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

နောက်ကျကျန်ရစ်

မိမိတို့မှာ နှစ်ပေါင်း ၁၀၀ကျော် ကိုလိုနီ နယ်ချဲ့ လက်အောက်သို့ ကျရောက်ခဲ့ရပြီး ယင်းတို့၏ သွေးထိုးသပ်လျှိုခဲ့မှုများကြောင့် တိုင်းရင်းသား လက်နက်ကိုင် ထကြွမှုများ ဖြစ်ပွားကာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုမှာ များစွာ နောက်ကျ ကျန်ရစ်ခဲ့ရကြောင်း။

ယခုအချိန်အခါတွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး တည်ဆောက်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်နိုင်ခဲ့ပြီးနောက် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရန် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ညှိနှိုင်းဆွေးနွေးနိုင်

မူဝါဒလမ်းစဉ်(၇)ရပ်အနက် အဓိက အခြေခံကျသည့် အမျိုးသားညီလာခံကို တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်လျက်ကျင်းပနေကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံအစည်းအဝေးများတွင် ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးအာဏာခွဲဝေကျင့်သုံးမှု၊ လွှတ်တော်အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုများ၊ တပ်မတော်အခန်းတို့နှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မှုများရရှိအောင် ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ကြကြောင်း။

တွေ့ဆုံနှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာ ဝူဘန်ကိုအား ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ ဧည့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နောင်ဆက်လက်ကျင်းပမည့် အမျိုးသားညီလာခံ၌ ကျန်ရှိနေသေးသည့် ကဏ္ဍရှစ်ခုကို ဆက်လက်ဆွေးနွေးသွားကြမှာဖြစ်ကြောင်း၊ အမျိုးသားညီလာခံက ချမှတ်ပေးထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အသေးစိတ်အခြေခံရမည့်မှုများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်း၊ ပြည်သူ့ဆန္ဒခံယူခြင်းများကို အဆင့်လိုက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

ကြိုဆိုထောက်ခံခဲ့

မြန်မာနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်း မူဝါဒကိုလက်ခံကျင့်သုံးခဲ့ပါကြောင်း၊ ထိုင်ဝမ်ကို တရုတ်နိုင်ငံ၏ ခွဲခြားမရသည့် အစိတ်အပိုင်းဖြစ်သည်ဟု ခံယူထားပါကြောင်း၊ တရုတ်နိုင်ငံ၏ အချုပ်အခြာ အာဏာပိုင်ဆိုင်မှုနှင့် နယ်မြေတည်တံ့မှုတို့ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခွင့်ကို ထောက်ခံပါကြောင်း၊ ထို့ကြောင့် ခွဲထွက်မှုတားမြစ်သည့်ဥပဒေ (Anti Secession Law) ပြဋ္ဌာန်းခဲ့ခြင်းကို မြန်မာနိုင်ငံက ကြိုဆိုထောက်ခံခဲ့ကြောင်းဖြင့် ဆွေးနွေး ပြောကြားသည်။

ရင်းနှီးခင်မင်စွာနှုတ်ခွန်းဆက်

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာဝူဘန်ကိုက ဆွေးနွေးရာတွင် အဆွေတော် အနေဖြင့် မြန်မာနိုင်ငံ၏အခြေအနေကို ရှင်းပြသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား မိမိအနေဖြင့် ရင်းနှီးခင်မင်စွာနှုတ်ခွန်းဆက် ပါကြောင်းကို ပြောကြားပေးစေလိုကြောင်း။

ရှည်လျားလှသည့်သမိုင်းကြောင်းတစ်လျှောက် တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှုများကို နှစ်နိုင်ငံခေါင်းဆောင်ကြီးများစဉ်ဆက်မပြတ် ပြုစုပျိုးထောင်လာခဲ့ကြကြောင်း၊ မိမိတို့ချမှတ်ကျင့်သုံးခဲ့သည့် ငြိမ်းချမ်း စွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်နှင့်အညီ နေထိုင်ဆက်ဆံလာခဲ့ကြသည့်အလျောက် နိုင်ငံတကာ အခြေအနေ၊ မိမိတို့ပြည်တွင်းရေးအခြေအနေများ ပြောင်းလဲလာခဲ့သော်လည်း တရုတ်-မြန်မာနှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုမှာ တည်မြဲရှင်သန်လျက်ပင်ရှိကြောင်း။

တန်ဖိုးထား

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ နှင့်အမျိုးသားဂုဏ်သိက္ခာတို့ကို တန်ဖိုးထားပါကြောင်း။

ထိုင်ဝမ်ကိစ္စမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အချုပ်အခြာအာဏာ၊ အမျိုးသား ဂုဏ်သိက္ခာနှင့်သက်ဆိုင်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံ၏ အချုပ်အခြာအာဏာနှင့်ဂုဏ်သိက္ခာရှိမှုတို့အတွက် ပြဋ္ဌာန်းခဲ့သည့် Anti Secession Law ကို နားလည်ထောက်ခံခဲ့ခြင်းအတွက် ဂုဏ်ယူပါကြောင်း။

အမြဲထောက်ခံမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာ အာဏာနှင့် အမျိုးသားဂုဏ်သိက္ခာရှိမှုတို့အတွက် အမြဲထောက်ခံသွားမှာဖြစ်ကြောင်း၊ နှလုံးရည်ပြည့်စုံသည့်မြန်မာပြည်သူများအနေဖြင့် မြန်မာ နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်နိုင်ငံတော်ဝန်ကြီးချုပ်က အဆွေတော်၏ဆွေးနွေးချက်များမှာ မိမိတို့အတွက် အတွေ့အကြုံကောင်း၊ ဗဟုသုတကောင်းများကို ရရှိစေပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်နှင့်ပြည်သူများအတွက် အကောင်းဆုံးဖြစ်အောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း။

မိမိအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံခေါင်းဆောင်များနှင့် ပြည်သူများ၏ မြန်မာနိုင်ငံပြည်သူများအပေါ် ထားရှိသည့် ချစ်ကြည်ရင်းနှီးမှုများကို သယ်ဆောင်သွားမည် ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

(သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

၂၀၀၆ ခုနှစ်(၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံး ခန်းမဆောင်၌ ကျင်းပသည်။

ပြိုင်ပွဲအခမ်းအနားသို့ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသော (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးသိန်းစိန်နှင့် ဗဟိုအလုပ်အမှုဆောင် ဦးမောင်ပါ၊ ပြိုင်ပွဲဝင် မောင်မယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယှဉ်ပြိုင်

ပြိုင်ပွဲသို့ ပြည်နယ်နှင့် တိုင်းများမှ အသင်းဝင် မောင်မယ် ၁၆ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြရာ ပထမဆုကို ရန်ကုန်တိုင်းမှ မောင်ကျော်မောင်မောင်စိန်၊ ဒုတိယဆုကို မကွေးတိုင်းမှ မောင်ထက်အောင်ဟိန်းနှင့် တတိယဆုကို မန္တလေးတိုင်းမှ မောင်ကျော်ဖြိုးခိုင်တို့က ရရှိကြသည်။

ဆက်လက်၍ ဆုရရှိကြသူများအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် ဦးသိန်းစိန်နှင့် ဦးမောင်ပါတို့က ဆုများကို ချီးမြှင့်သည်။

ချီးမြှင့်

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က အကဲဖြတ်အမှတ်ပေးအဖွဲ့ ကိုယ်စားအဖွဲ့ခေါင်းဆောင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ ဌာနမှူး ဒေါက်တာဦးခင်အေးအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။ (သတင်းစဉ်)

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးသိန်းစိန် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

လက်ပံတန်းမြို့နယ်အသင်း နှစ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

လက်ပံတန်းမြို့နယ် အသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ထူးချွန်ဆုများပေးအပ်ပွဲကို မတ် ၅ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ စား/ဖျော်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် အသက်(၇၅)နှစ်အထက် အဘိုး၊ အဘွားများ၊ ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများနှင့် လက်ပံတန်းမြို့နယ်သူ၊ မြို့နယ်သားများအနေဖြင့် ဖိတ်စာ ရသည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ (က-ပ)

သာယာမည်

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ သာယာမည်။

နိုင်ငံ့စီးပွား ပွံ့ဖြိုးတိုးတက်ရေး၊ ခေတ်မီနိုင်ငံတော်ဖြစ်ရေး တည်ဆောက်သွားမည်ဟု ဆုံးဖြတ်ထား ယနေ့အချိန်အခါသည် နှစ်ဖက်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရန် အကောင်းဆုံးအချိန်ဖြစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း

ရှန်ရှီးပြည်နယ်သည် ရေနံသဘာဝဓာတ်ငွေ့ ကျောက်မီးသွေး စသည့် သယံဇာတများပေါကြွယ်ဝ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် မြန်မာနိုင်ငံနှင့် ရှန်ရှီးပြည်နယ်တို့ ပူးပေါင်းဆောင်ရွက်လို

ရှန်ရှီးပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာကျောက်ကျန့်ယုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ရှီးပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာ ကျောက်ကျန့်ယုံသည် ဖေဖော်ဝါရီ ၁၆ရက် ညနေ ၆နာရီ ၄၅မိနစ်တွင် ရှန်ရှီးပြည်နယ် ရှီအန်မြို့ရှိ Shangri-La Golden Flower Hotel ညှော့ခန်းမသို့ လာရောက် တွေ့ဆုံဂါရဝပြု နှုတ်ဆက်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ရှန်ရှီးပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာကျောက်ကျန့်ယုံက ရှန်ရှီး ပြည်နယ် ရှီအန်မြို့ရှိ Shangri-La Golden Flower Hotel ညှော့ခန်းမ၌ တွေ့ဆုံဂါရဝပြု နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့အား ရှီအန်မြို့ ရှန့်ရန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ရှန်ရှီးပြည်နယ် အစိုးရအဖွဲ့ ဒုတိယ အထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာကျွမ်းချန်နှင့် ပြည်နယ်မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

တက်ရောက်

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီး ဌာန ဝန်ကြီး ဦးဥာဏ်ဝင်း၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွား ရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဟိုတယ် နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီး ဌာန ဝန်ကြီးနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ရထား ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဌာနအကြီး အကဲများ တက်ရောက်ကြပြီး ရှန်ရှီး ပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ် ရေးမှူးနှင့်အတူ Farmers & Workers; Democratic Party of Shaanxi Province Chairman Ms. Zhu Jingzhi နှင့် ပြည်နယ်မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက် ကြသည်။

ပိုမိုတွန်းအားပေး

တွေ့ဆုံပွဲတွင် ရှန်ရှီးပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ကျောက်ကျန့်ယုံက ဆွေးနွေးပြော ကြားရာ၌ မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ရှန်ရှီး ပြည်နယ်က လှိုက်လှဲစွာ ကြိုဆိုပါ ကြောင်း၊ ရှည်လျားစွာ တည်ရှိခဲ့သည့် တရုတ်–မြန်မာ ချစ်ကြည်ရေးကို ဤခရီးစဉ်က ပိုမိုတွန်းအားပေးနိုင် မည်ဟု ယုံကြည်ပါကြောင်း။

ရှန်ရှီးပြည်နယ်သည် တရုတ် ပြည်သူ့သမ္မတနိုင်ငံ၏ အနောက်ပိုင်း တွင် တည်ရှိသည့် ပြည်နယ်ဖြစ် ကြောင်း၊ ရှန်ရှီးပြည်နယ်၌ တရုတ် မင်းဆက်အများစု နန်းတည်အုပ်ချုပ် ခဲ့ပြီး ရှေးဟောင်းယဉ်ကျေးမှု အမွေ အနှစ်များ ကြွယ်ဝသည့် ပြည်နယ် ဖြစ်ကြောင်း။

၁၉၉၉ ခုနှစ်မှစ၍ နိုင်ငံတော် ဗဟို အစိုးရက အနောက်ပိုင်းဒေသ ဖွံ့ဖြိုး တိုးတက်ရေးမူဝါဒ ချမှတ်ကျင့်သုံး ခဲ့ပြီးနောက် ရှန်ရှီးပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း၊ မိမိတို့ ကလည်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် ငါးနှစ်စီမံကိန်း ချမှတ်ဆောင် ရွက်လျက်ရှိကြောင်း။

သယံဇာတပေါကြွယ်ဝ

ရှန်ရှီးပြည်နယ်သည် ရေနံ၊သဘာဝ ဓာတ်ငွေ့၊ ကျောက်မီးသွေး စသည့် သဘာဝသယံဇာတများ ပေါကြွယ်ဝ ပါကြောင်း၊ အချောထည်ပစ္စည်းများ ထုတ်လုပ်လျက်ရှိသကဲ့သို့ စက်မှု ကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေး ကဏ္ဍ များတွင်လည်း အဆင့်မြင့်နည်းပညာ များဖြင့် လုပ်ကိုင်ဆောင်ရွက်လျက် ရှိကြောင်း၊ ထို့ပြင် ခရီးသွားလုပ်ငန်း လည်း အထူးဖွံ့ဖြိုးတိုးတက်လာ ကြောင်း၊ နှစ်စဉ် နိုင်ငံခြားခရီးသွား တစ်သန်းကျော်နှင့် ပြည်တွင်းခရီးသွား ၄၆ သန်းကျော် လာရောက်ကြောင်း။

လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် မြန်မာနိုင်ငံနှင့် ရှန်ရှီးပြည်နယ်တို့ ပူးပေါင်းဆောင်ရွက်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးရာ၌ သာယာလှပသည့် ရှန်ရှီးပြည်နယ်သည် ကဏ္ဍအတော် များများတွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ခရီးသွားကဏ္ဍတွင် ပိုမိုတိုးတက်နေ သည်ဟု သိရှိရ၍ ဝမ်းသာကြောင်း။

ရှေးဘုရင်များ နန်းစိုက်ခဲ့သည့် ဒေသဖြစ်သဖြင့် ရှေးဟောင်း ယဉ် ကျေးမှု အမွေအနှစ်များ ကြွယ်ဝသည့် ပြည်နယ်လည်းဖြစ်ကြောင်း၊ ထို့ပြင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် များကို စနစ်တကျ ထိန်းသိမ်းထား နိုင်သည်ကို မိမိတို့ တွေ့ရှိခဲ့ရကြောင်း၊ ဤပြည်နယ်သို့ ရောက်ရှိရခြင်း အတွက် ဂုဏ်ယူပါကြောင်း။

မြန်မာ–တရုတ် နှစ်နိုင်ငံ ပြည်သူ များသည် ဆွေမျိုးပေါက်ဖော် ဆက်ဆံ ရေးဖြင့် နှစ်ကြာရှည်စွာ နေထိုင်ခဲ့ကြ သူများဖြစ်သဖြင့် နှစ်နိုင်ငံ ဆက်ဆံ

စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ▲

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ရှီးပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာကျောက်ကျန့်ယုံက ရှန်ရှီးပြည်နယ် ရှီအန်မြို့ရှိ Shangri-La Golden Flower Hotel ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များ ရှန်ရှီးပြည်နယ် ရှီအန်မြို့၌ လှည့်လည်လေ့လာ

ရန်ကုန်　　ဖေဖော်ဝါရီ　　၁၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကွမ်မုနှင့် ဇနီးနှင့် တာဝန်ရှိသူ လိုက်ပါလျက် ပေကျင်းမြို့မှ ရှန်ရှီးပြည်နယ် ရှီအန်မြို့သို့ ချစ်ကြည်ရေးခရီး ဆက်လက်ထွက်ခွာရန် ဖေဖော်ဝါရီ ၁၆ရက် နံနက် ၈နာရီ ၁၅မိနစ်တွင် ခေတ္တတည်းခိုသည့် ထျောက်ယူထိုင် နိုင်ငံတော် ဧည့်ဂေဟာမှ ပေကျင်းမြို့ မြို့တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများနှင့် မြန်မာသံရုံး၊ စစ်သံရုံး ဝန်ထမ်းများ၊ မိသားစုများအား နှုတ်ဆက်ကြသည်။

ယင်းနောက် China Eastern လေကြောင်းလိုင်းမှ အထူးလေယာဉ်ဖြင့် ရှီအန်မြို့သို့ ထွက်ခွာခဲ့ကြရာ နံနက် ၁၀ နာရီ ၁၅မိနစ်တွင် ရောက်ရှိကြပြီး ရှီအန်မြို့ ရှန့်ရန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ရှန်ရှီးပြည်နယ် အစိုးရအဖွဲ့ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာ ကျွမ်းချန်နှင့် ပြည်နယ်မှ တာဝန်ရှိသူများက ကြိုဆိုကြပြီး ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့အား အမျိုးသမီးငယ် နှစ်ဦးက ဂုဏ်ပြုပန်းစည်း ပေးအပ်ကြသည်။

စီအင်န်ဂျီယာဉ်ထုတ်လုပ်မှုလေ့လာ

ထို့နောက် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရှီအန်မြို့ New Industrial Park ရှိ BYD Auto Co., Ltd. သို့ သွားရောက်ပြီး CNG ယာဉ်ထုတ်လုပ်မှုကို ကြည့်ရှုလေ့လာကြရာ ကုမ္ပဏီ အထွေထွေ မန်နေဂျာ မစ္စတာ လျို့ကျုန်းယူနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ရှေးဦးစွာ CNG မော်တော်ယာဉ်များ၏ Panel လိုင်း တပ်ဆင်ဆောင်ရွက်ခြင်း လုပ်ငန်းများကို ရှင်းလင်းပြသကြသည်။

ဆက်လက်၍ CNG မော်တော်ယာဉ်များ၏ အင်ဂျင်အမျိုးမျိုးကို လည်းကောင်း၊ မော်တော်ယာဉ်အစိတ်အပိုင်းများ အပိုင်းလိုက် တပ်ဆင်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ထုတ်လုပ်တပ်ဆင်ပြီးသည့် CNG မော်တော်ယာဉ်များကို လည်းကောင်း လှည့်လည် ရှင်းလင်းပြသကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဓာတ်ဆီနှင့် CNG နှစ်မျိုး သုံးနိုင်သည့် မော်တော်ယာဉ်များ၏ အင်ဂျင်ပိုင်း၊ စက်ပိုင်းဆိုင်ရာများ၊ မော်တော်ယာဉ်အတွင်း CNG အိုးတပ်ဆင်နေရာချထားမှုများကို အသေးစိတ် ကြည့်ရှုလေ့လာသည်။ ဆက်လက်၍ တာဝန်ရှိသူများက CNG အိုးနှင့် ဆက်စပ်ပစ္စည်းများကို ရှင်းလင်းပြသကြသည်။

ထို့နောက် ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြောကြားပြီး ကုမ္ပဏီ အထွေထွေမန်နေဂျာအား အမှတ်တရ လက်ဆောင်ပေးအပ်သည်။

ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီးဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရှီအန်မြို့မှ ကီလိုမီတာ ၁၄၀ခန့် ကွာဝေးသည့် Fa Men Si ဘုရားကျောင်းသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ ဘုရားကျောင်းမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဓမ္မလက်ဆောင်များချီးမြှင့်

ထို့နောက် Fa Men Si ဘုရားကျောင်းဝင်းရှိ ရှေးဟောင်း စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်တို့အား ဖူးမြော်ကြည်ညိုကြရာ Fa Men Si ဘုရားကျောင်းဆရာတော် ရွှဲချန်နှင့် ဆရာတော် သံဃာတော်များက ဓမ္မဒေသနာတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြပြီး ဓမ္မလက်ဆောင်များ ချီးမြှင့်ကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များအား ဆရာတော် ရွှဲချန်က ဗုဒ္ဓမြတ်စွာ၏ လက်ညှိုးတော် တူးဖော်တွေ့ရှိသည့် ရှေးဟောင်းစေတီတော် မြေအောက်နေရာကို ရှင်းလင်းပြသကြသည်။

ထို့နောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓမြတ်စွာ၏ လက်ညှိုးတော်ကို ဖူးမြော်ကြည်ညိုကြသည်။

Fa Men Si ဘုရားကျောင်းဝင်းရှိ စေတီတော်မှာ နှစ်ပေါင်း ၁၀၀၀ကျော် သက်တမ်းရှိသည့် စေတီတော်ဖြစ်ကြောင်း သိရသည်။ ၁၉၈၇ ခုနှစ်တွင် အဆိုပါ စေတီတော်ကို ပြုပြင် မွမ်းမံရာ၌ ဗုဒ္ဓမြတ်စွာ၏ လက်ညှိုးတော်ကို တူးဖော်တွေ့ရှိရကြောင်းနှင့် လက်ညှိုးတော်နှင့် စပ်လျဉ်းသည့် သမိုင်းအထောက်အထား ကျောက်စာများကိုလည်း တွေ့ရှိရကြောင်း သိရှိရသည်။

ထို့နောက် ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ဓမ္မာရုံရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားကျောင်း ဆရာတော် ရွှဲချန်နှင့် ဆရာတော် သံဃာတော်များ၊ ဘုရားကျောင်းမှ တာဝန်ရှိသူများနှင့် အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဘုရားကျောင်းဝင်း အတွင်းရှိ ပြတိုက်သို့သွားရောက်ကြပြီး လက်ညှိုးတော်နှင့်အတူ တူးဖော်ရရှိခဲ့သည့် ကျောက်စာများ၊ Tang မင်းဆက်ဘုရင်များ လှူဒါန်းခဲ့သည့် ရွှေချည်များကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြတိုက် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။ ဆက်လက်၍ ဝန်ကြီးချုပ်အား ပြတိုက် တာဝန်ခံက ရှေးဟောင်း အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများကို ဂါရဝပြုပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် လက်ညှိုးတော် ဘုရားနှင့် စပ်လျဉ်း၍ ထိန်းသိမ်းပြသထားသည့် မှတ်တမ်းများ၊ Tang မင်းဆက်ဘုရင်များ၏ အသုံးအဆောင်ပစ္စည်း၊ ရှေးဟောင်း ဖန်ထည်၊ သံထည်၊ ကြွေထည်ပစ္စည်းများကို လှည့်လည် ကြည့်ရှုလေ့လာကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၇ရက် နံနက် ၈နာရီခွဲတွင် ရှီအန်မြို့ရှိ ချင်ရှိဟွမ် ရှင်ဘုရင် စစ်သည်တော်နှင့် မြင်းရုပ်တုများ ပြတိုက်သို့ သွားရောက်လေ့လာကြရာ ပြတိုက်တာဝန်ခံ မစ္စတာ လေယွိဖင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး စစ်သည်တော်နှင့် မြင်းရုပ်တုများ စတင်တွေ့ရှိခဲ့သည့် နေရာနှင့် ပြတိုက်အဖြစ် စနစ်တကျ ထိန်းသိမ်းပြသထားမှုများကို ရှင်းလင်း ပြသကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်သည်တော်နှင့် မြင်းရုပ်တုများကို လည်းကောင်း၊ ရှေးခေတ်က အသုံးပြုခဲ့သည့် အုတ်ချပ်များကိုလည်းကောင်း လှည့်လည် ကြည့်ရှုကြသည်။

ထို့နောက် တာဝန်ရှိသူများက စစ်သည်တော်ရုပ်တုများ၏ ရာထူးအဆင့်အမျိုးမျိုးကို ရှင်းလင်းပြသကြသည်။

ဆက်လက်၍ စစ်သည်တော်များနှင့် မြင်းရုပ်တုများ ဆက်လက်တူးဖော်နေမှုများကို လည်းကောင်း၊ မြားပစ်စစ်သည်နှင့် ဗိုလ်မှူးကြီး အဆင့်ရှိသူတို့၏ ဝတ်စားဆင်ယင်မှုများနှင့် အသုံးအဆောင်များ ပြသထားမှုများကို လည်းကောင်း လှည့်လည် ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ကြေးဖြင့်ပြုလုပ်ထားသည့် မြင်းစီးစစ်သည်တော်၊ စစ်သည်တော်များ အသုံးပြုခဲ့သည့် လက်နက်များ၊ မြင်းလေးကောင်ကသည့် ယာဉ်တို့ကိုလည်းကောင်း၊ ယင်းခေတ်က ကြေးဖြင့်သွန်းလုပ်ထားသည့် ဘဲငန်းရုပ်တုများ စသည့် ရှေးဟောင်း ယဉ်ကျေးမှုလက်ရာများကို လည်းကောင်း တာဝန်ရှိသူများက လှည့်လည် ရှင်းလင်းပြသကြသည်။ ဆက်လက်၍ ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး ပြတိုက်တာဝန်ခံအား လက်ဆောင်ပစ္စည်းပေးအပ်သည်။

အဆိုပါ စစ်သည်တော်နှင့် မြင်းရုပ်တုများကို ၁၉၇၄ ခုနှစ်တွင် တူးဖော်တွေ့ရှိရခြင်းဖြစ်ကြောင်းနှင့် ဆက်လက်တူးဖော်ရှာဖွေ ဖော်ထုတ်ဆဲဖြစ်သည်။

(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ ရှီအန်မြို့ New Industrial Park ရှိ BYD Auto Co., Ltd. ၌ CNG မော်တော်ယာဉ်များ၏ အင်ဂျင်အမျိုးမျိုးကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့ ရှီအန်မြို့ရှိ ချင်ရှိဟွမ် ရှင်ဘုရင်စစ်သည်တော်နှင့် မြင်းရုပ်တုများ ပြတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

(20-2)10.P65　1　1/2/32, 9:58 AM

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့ (Fa Men Si)ဘုရားကျောင်းရှိ ဗုဒ္ဓမြတ်စွာဘုရား၏ လက်ညှိုးတော်ကို ကြည်ညိုကြစဉ်။ (သတင်း-၁၀) (သတင်းစဉ်)

တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကျောက်နီဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်မှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ကလောတပ်နယ်မှ ဗိုလ်မှူးချုပ်မြဝင်း၊ ဗထူးတပ်နယ်မှဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ ဖေဖော်ဝါရီ ၁၇ရက် နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကျောက်နီဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ရှေးဦးစွာအရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်ဝင်းမြင့်က တိုင်းစစ်ဌာနချုပ် ကျောက်နီဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်း အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ကျောက်နီ(ဖျိုင်းချောင်း) ရေလှောင်တမံတည်ဆောက်ထားရှိမှု အခြေအနေများ၊ တိုင်းစစ်ဌာနချုပ်လက်အောက်ခံ တပ်ရင်း/တပ်ဖွဲ့များ၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်အတွင်းတို့၌ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထားရှိမှု အခြေအနေများကို ပုံစံဇယား၊ ကားချပ်များဖြင့်ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်က ကျောက်နီဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း၌ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးဆောင်ရွက်မှုများနှင့် ကြက်ဆူပင် စိုက်ပျိုးရေး လျာထားဧက ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်မှုများ၊ ကြက်ဆူဆီကို ဇီဝလောင်စာအဖြစ် အသုံးပြုနိုင်မှု သရုပ်ပြဆောင်ရွက်မှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက ရှမ်းပြည်နယ်အနေဖြင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး လျာထားဧက ပြည့်မီအောင်ကြိုးပမ်း ဆောင်ရွက်ကြရေး မှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့်အဖွဲ့သည် ကျောက်နီဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း အတွင်းရှိ ပျိုးခြံအတွင်း၌ ကြက်ဆူပင်မျိုးစေ့၊ အပင်ပေါက်နှင့် မျိုးကိုင်းများကို ပျိုးအိတ်များဖြင့် ပျိုးထောင်ထားရှိမှုများနှင့် ကျောက်နီ(ဖျိုင်းချောင်း) ရေလှောင်တမံ တည်ဆောက်မှုအခြေအနေများကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့သည် ကျောက်နီဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်းရှိ ခြံစည်းရိုးကြက်ဆူပင် ပျိုးခင်းသို့သွားရောက်၍ တပ်ရင်း/တပ်ဖွဲ့များ အလိုက် ကြက်ဆူပင်မျိုးစေ့၊ မျိုးကိုင်း၊ အပင်ပေါက်များ စုပေါင်းပျိုးထောင်ထားရှိမှုများကို လှည့်လည်ကြည့်ရှု အားပေးပြီး ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် ပျိုးအိတ်အတွင်း ကြက်ဆူပင်မျိုးစေ့များကို ထည့်သွင်းပျိုးထောင်ပေး၍ ကြက်ဆူပျိုးပင်များကို ကိုယ်တိုင်ပါဝင်စိုက်ပျိုးပေးသည်။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကျောက်နီဘက်စုံ စိုက်ပျိုးမွေးမြူရေး စခန်းရှိ ခြံစည်းရိုး ကြက်ဆူပင် ပျိုးခင်း၌ ခြံစည်းရိုး ကြက်ဆူပင် ၃၅၀၀၀၀နှင့် မျိုးစေ့ပျိုးပင် ၂၈၈၀၀၀၊ မျိုးကိုင်းပျိုးပင် ၁၀၀၀၀၀ စုစုပေါင်းခြံစည်းရိုးကြက်ဆူပျိုးပင် ၇၃၈၀၀၀တို့ကို ပျိုးထောင်ထားရှိသည်။ (သတင်းစဉ်)

ဟန်ဂေရီ သံအမတ်ကြီးခန့်အပ်ရန် သဘောတူ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဟန်ဂေရီနိုင်ငံ၏အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ဒေါက်တာအန်ဒရက် ဘာလော့(ခ်) အား ခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

ဒေါက်တာ အန်ဒရက် ဘာလော့(ခ်)သည် ၁၉၄၄ ခုနှစ်တွင် ဘူဒါပက်(စ်)မြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၇၆ ခုနှစ်တွင် ဖွံ့ဖြိုးတိုးတက်မှုလေ့လာရေး ဘာသာရပ်ဖြင့် ပါရဂူဘွဲ့ရရှိခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် ဟန်ဂေရီသိပ္ပံတက္ကသိုလ်မှ သမိုင်းဘာသာရပ်ဖြင့် ဒေါက်တာဘွဲ့ရရှိခဲ့သည်။ ၎င်းသည် ၁၉၆၈ခုနှစ်မှ ၁၉၇၆ခုနှစ်အထိ အီးဖော့လိုရန့်တက္ကသိုလ်၌ လက်ထောက်ကထိကအဖြစ် လည်းကောင်း၊ ၁၉၇၆ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ ဟန်ဂေရီဆိုရှယ်လစ်ပါတီ၏ နိုင်ငံတကာ နိုင်ငံရေးရာအကြံပေးအဖြစ် လည်းကောင်း၊ ၁၉၈၃ ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ ဘူဒါပက်(စ်)မြို့ နိုင်ငံရေးရာသိပ္ပံကောလိပ်၌ ပါမောက္ခအဖြစ် လည်းကောင်း၊၁၉၈၈ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ အိန္ဒိယနိုင်ငံဆိုင်ရာ ဟန်ဂေရီ သံအမတ်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၀ပြည့်နှစ်မှ ၂၀၀၅ ခုနှစ် အထိ ဟန်ဂေရီ နိုင်ငံတကာနိုင်ငံရေးရာအဖွဲ့၌ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဒေါက်တာအန်ဒရက် ဘာလော့(ခ်)သည် ထိုင်းနိုင်ငံဆိုင်ရာ ဟန်ဂေရီ နိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသည့် သံအမတ်ကြီးတစ်ဦးဖြစ်ပြီး ဗန်ကောက်မြို့၌ ရုံးစိုက်နေထိုင်လျက် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဟန်ဂေရီသံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည် ဖြစ်သည်။

၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီး နှစ်ဦးရှိသည်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာတရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊ ပုပ္ပား(၃)ကျောင်း မိုးကုတ်အဖွဲ့ချုပ် နယ်လှည့်ဓမ္မကထိက အစိုးရဓမ္မာစရိယ ရှေဦးဆရာတော် အရှင်နန္ဒာသီရိသည် ဖေဖော်ဝါရီ ၂၆ရက်မှ မတ် ၅ရက်အထိ စကားလွန်းရွာ၊ ဘိုကလေးမြို့၊ မတ် ၇ရက်မှ ၈ရက်အထိ မစိုးရိမ်ကျောင်း တိုက်ကြီးမြို့၊မတ် ၉ရက်မှ ၁၂ရက်အထိ ညောင်ဝိုင်းရွာ၊ လက်ပံတန်းမြို့၊ မတ် ၁၅ရက်မှ ၂၁ရက်အထိ အဖွဲ့ခွဲအမှတ် (၄၃) တောင်ငူမြို့တို့၌ တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

▲ စာမျက်နှာ ၉ မှ

ရေးမှာ နှစ်ကာလ ကြာသည်နှင့်အမျှ ပိုမိုခိုင်မြဲလျက်ရှိကြောင်း၊ ယနေ့အချိန်တွင် နှစ်နိုင်ငံအနေဖြင့် စီးပွားရေး ကဏ္ဍများ၌ပါ ပိုမိုပူးပေါင်း ဆောင်ရွက်မှုများ ပြုလျက်ရှိကြောင်း။

တရုတ် ပြည်သူ့သမ္မတနိုင်ငံမှ ခေါင်းဆောင်များက နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲလိုသကဲ့သို့ စီးပွားရေးကဏ္ဍတွင် တိုးမြှင့် ဆောင်ရွက်လိုသည့် ဆန္ဒများရှိသည်ကို တွေ့ရကြောင်း၊ အလားတူ နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တာဝန်ရှိသူများကလည်း တရုတ်နိုင်ငံနှင့်စီးပွားရေးတိုးမြှင့်ပူးပေါင်း ဆောင်ရွက်ရန် ဆန္ဒရှိကြောင်း။

နှစ်နိုင်ငံခေါင်းဆောင်များ၏ ဆန္ဒများကို အောင်မြင်အောင် ဖော်ဆောင်ရန် မိမိတို့ ဆုံးဖြတ်ထားကြောင်း၊ မိမိတို့ အနေဖြင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် စီမံကိန်းများချမှတ်၍ အထူးကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

ဈေးကွက်စီးပွားရေးကျင့်သုံး

မြန်မာနိုင်ငံ၌ ဈေးကွက်စီးပွားရေး စနစ်ကို ကျင့်သုံးလျက်ရှိကြောင်း၊ ပုဂ္ဂလိကများကိုလည်း လုပ်ကိုင်ခွင့်များ ပေးထားကြောင်း၊ အကြမ်းအားဖြင့် လယ်ယာစိုက်ပျိုးရေးကိုအခြေခံ၍နိုင်ငံ စီးပွားဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းလျက်ရှိကြောင်း၊စက်မှုဖွံ့ဖြိုး တိုးတက်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ၌ ရေမြေသဘာဝ သယံဇာတ အရင်းအမြစ်များ ပေါကြွယ်ဝကြောင်း၊ရောမစိုက်ကွင်းကြီးများအဖြစ် ဖော်ထုတ်နိုင်သည့်နေရာများရှိကြောင်း၊ ကမ်းလွန်၌ သဘာဝဓာတ်ငွေ့များ ကြွယ်ဝကြောင်း၊စီးပွားဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အကူပြုမည့် အခြေခံ အဆောက်အအုံများကိုလည်း မိမိတို့ တည်ဆောက်ပေးထားပြီး ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်လျက်ရှိ

မိမိတို့အနေဖြင့် နိုင်ငံစီးပွားဖွံ့ဖြိုး တိုးတက်ရေး၊ ခေတ်မီနိုင်ငံတော်ဖြစ်ရေး တည်ဆောက်သွားမည်ဟု ဆုံးဖြတ်ထားကြောင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများလည်း မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများကို လာရောက် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်မြို့တော်အနီး၌ သီလဝါ အထူးစက်မှုဇုန်စီမံကိန်းရှိကြောင်း၊ ယင်းစက်မှုဇုန်အပါအဝင် အခြားစိတ်ဝင်စားဖွယ်ကောင်းသည့် ဒေသများ၌ ရှန်ရှီးပြည်နယ်မှ လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ကြောင်း၊ ယနေ့အချိန်အခါသည် နှစ်ဖက်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်ရန် အကောင်းဆုံးအချိန်ဖြစ်ကြောင်း ဖြင့် ဆွေးနွေးပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင်နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအား ရှန်ရှီးပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူးမစ္စတာ ကျောက်ကျန့်ယုံက Shangri-La Golden Flower ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

မော်လမြိုင် ဓမ္မရက္ခိတပဋ္ဌာန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မော်လမြိုင်မြို့ ဈေးကြိုတောင်ဝိုင်းရပ် မေတ္တာလမ်း ဓမ္မရက္ခိတ မိုးကုတ်ရိပ်သာကြီးတွင် (၁၂)ကြိမ်မြောက် အသံမစဲပဋ္ဌာန်းပွဲကို မတ် ၂ရက် (ကြာသပတေးနေ့)မှစ၍ ငါးရက်တိုင် ကျင်းပပူဇော်မည် ဖြစ်ပါ၍ လှူဒါန်းလိုသူ ပါရမီရှင်များ အရဏ်ဆွမ်း၊ နေ့ဆွမ်းအချိုပွဲ နဝကမ္မ ငွေပဒေသာပင်များ လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ထူးခြားသည့်ညအပူချိန်များ

(၁၉-၂-၂၀၀၆)

ဟားခါးနှင့် ပင်လောင်း

၄ ဒီဂရီစင်တီဂရိတ်စီ

ဟဲဟိုး

၅ ဒီဂရီစင်တီဂရိတ်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၂-၂၀၀၆ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ဦးခိုက်ဖူးမြော်ရွှေမုဓောစေတီတော်
၇း၂၅	မေးကြည့်ဖြေကြည့်ပဟေဠိ
၇း၄၅	Music Talk (ရွာစားစိန်လှငွေ၊ သားစိုး၊ဒီဂျေ-ဂျေး၊သတိုး)
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	အံ့မခန်းပန်းပုပညာလက်ရာ (ရွှေဂူတံကဲတော်ကြီး)
၈း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	ကြည်နူးချမ်းမြေ့ပျော်ပျော်ရွှင်ရွှင် အမျိုးသားကန်တော်ကြီး ဥယျာဉ်(အပိုင်း-၁)
၉း၀၀	မိုးလေဝသခန့်မှန်းချက်
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	ဆီမီးရိုးရာယဉ်ကျေးမှုအက
၉း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	ပေါင်းမြက်များကိုထိရောက်စွာကာကွယ်နှိမ်နင်းနည်းများ
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၀	မိကျောင်းမျိုးဆက်မပြုန်းတီးရေးထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေး
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	အဆင့်မီရော်ဘာဖူးဆက်ပျိုးပင်ရရှိရေး
၁၀း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	Art°&°Technolgy Talk (ဦးမြင့်မောင်ကျော်နှင့် တွေ့ဆုံခြင်း)
၁၁း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅	ထူးခြားသွင်ပြင်သတ္တုပြန်းပုရုပ်သွင်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည (၂၃း၀၀) နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး ဘက်စုံမွမ်းမံထိန်းသိမ်းရေး အလှူငွေပေးအပ်ပွဲနှင့် မှန်ကျောင်းဆောင်သစ်၊ နေပူခံကျောက်ပြားများလှူဒါန်းခြင်း ရေစက်ချမင်္ဂလာကျင်းပ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေ ထံ ကြည့်မြင်တိုင်မြို့နယ် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး ဘက်စုံမွမ်းမံထိန်းသိမ်းရေးအတွက် အလှူရှင် ဦးတင့်ဆန်း–ဒေါက်တာ ဌေးဌေးငြိမ်းမိသားစုတို့က အလှူငွေကျပ် ၃၂၂သိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်တွင် ကိန်းဝပ်စံပယ်သည့် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး ဘက်စုံမွမ်းမံထိန်းသိမ်းရေး အလှူငွေပေးအပ်ပွဲနှင့် မဟာသကျမုနိ ရုပ်ပွားတော်မြတ်ကြီး မှန်ကျောင်းဆောင်သစ်၊ လုံခြုံရေးကင်မရာ၊ အသံပိုင်းဆိုင်ရာပစ္စည်းများနှင့် နေပူခံကျောက်ပြားများလှူဒါန်းခြင်း ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် အဆိုပါ ကျောင်းကြီးတိုက် ပရိဝုဏ်အတွင်းရှိ မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်သည့် ဂန္ဓကုဋိကျောင်းတော်ကြီးအတွင်း၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး အလှူငွေများကို လက်ခံသည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော်ကြီးများ၊ ရန်ကုန်တိုင်းနှင့် ကြည့်မြင်တိုင်မြို့နယ် သံဃနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော်ကြီးများ၊ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက် ပဓာန နာယက ဆရာတော်တို့ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်၊ ကျောင်းကြီးတိုက် ဘက်စုံမွမ်းမံထိန်းသိမ်းရေး ဦးစီးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကြည့်မြင်တိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ အလှူရှင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ဝတ်အသင်းအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

ဖွင့်လှစ်

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က ဆောင်ရွက်ပြီး အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ပြီးဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ ထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ရွတ်ပွားချီးမြှင့်

ယင်းနောက် ဆရာတော် သံဃာတော်အရှင်သူမြတ်များက မေတ္တသုတ်ပရိတ်တရားတော်ကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

လျှောက်ထား

ယင်းနောက် ကျောင်းကြီးတိုက် ဘက်စုံမွမ်းမံထိန်းသိမ်းရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့်က ဘက်စုံမွမ်းမံ ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် အလှူရှင်များဖြစ်ကြသော ဦးတင့်ဆန်း–ဒေါက်တာဌေးဌေးငြိမ်းမိသားစု (ACE ဆောက်လုပ်ရေးကုမ္ပဏီ) က ငွေကျပ် ၃၂၂သိန်း၊ FI-SCA Enterprise မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝိတ်နှင့် ဇနီး ဒေါ်စုစုအေးက ငွေကျပ်သိန်း ၁၀၀၊ Best Supporting Services မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်းနှင့် ဇနီးတို့က ငွေကျပ်သိန်း ၁၀၀၊ နေပူခံကျောက်ပြားခင်းရန် အလှူရှင်များ စုပေါင်း လှူဒါန်းငွေကျပ် ၄၈သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်များဖြစ်ကြသော ဦးအောင်သန်းမြင့် (စူပါပါဝါကုမ္ပဏီလီမိတက်မိသားစု)က ငွေကျပ် ၁၁သိန်း၊ ဦးပြန်ယ–ဒေါ်ကြင်အိ မိသားစု ကြည့်မြင်တိုင် စလင်းလမ်း (မင်္ဂလာသစ်ဆိုင်)က ငွေကျပ် ၁၀၃၅၀၀၀၊ သီရိသုဓမ္မဓဏိဇောတရေ ဦးဌေးညွန့်–ဒေါ်နီလာရွှေ မိသားစု (ကြာငါးခိုင် သင်္ကန်းတိုက်)က ငွေကျပ် ၆၅၀၀၀၀၊ ဦးသိန်းဇော်–ဒေါ်နွေ မိသားစု (မန်းသီတာဆောက်လုပ်ရေးကုမ္ပဏီ)က ငွေကျပ်သုံးသိန်း၊ ဦးအားဝါး (ခေါ်)ဦးထွန်းဝင်း–ဒေါ်စန်းစန်းမော်မိသားစု (စံပြရွှေငါးကုမ္ပဏီ)က ငွေကျပ်သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

လှူဒါန်းငွေ

ယနေ့လှူဒါန်းသည့် လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၆၀၃၈၅၀၀၀ ဖြစ်သည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ရေစက်ချ အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်းပြီး ရုပ်သိမ်းလိုက်သည်။

ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည်ကျောင်းကြီး တိုက်၌ကျင်းပသည့် ဒုတိယအကြိမ် နှမ်းမနဲထိုးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ လှည့်လည်ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်၌ ကျင်းပသည့် ဒုတိယအကြိမ် နှမ်းမနဲထိုးပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀–၂–၂၀၀၆ (တနင်္လာနေ့)

(၁၃၆၇ခုနှစ်၊တပို့တွဲလပြည့်ကျော်(၈)ရက်(ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၈:၀၅ ၆။ အတီးပြိုင်ပွဲ

၈:၁၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၈:၂၅ ၈။ အဆိုပြိုင်ပွဲ

၈:၃၀ ၉။ International News.

၈:၄၅ ၁၀။ Grammar Made Easy.

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ Practice In Reading.

၄:၄၀ ၄။ တေးဂီတအစီအစဉ်

၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)

၅:၁၀ ၆။ အကပဒေသာ

၅:၂၀ ၇။ မြန်မာစာ၊ မြန်မာစကား

၅:၃၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအဆိုအကများ

၅:၄၀ ၉။ တေးဂီတအစီအစဉ်(မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)

၅:၅၀ ၁၀။ စက်မှုစွမ်းအားခေတ်ကျော်လွှား

၆:၀၀ ၁၁။ ညနေခင်းသတင်း

၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၃။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး" (အပိုင်း–၆၅)**

၆:၅၅ ၁၄။ အတီးပြိုင်ပွဲ

၇:၀၀ ၁၅။ တေးဂီတအစီအစဉ်

၇:၁၅ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်လေ့ကားထစ်လေးများ" (အပိုင်း–၄၀)**

၈:၀၀ ၁၇။ ပြည်တွင်းသတင်း

၁၈။ နိုင်ငံတကာသတင်းများ

၁၉။ မိုးလေဝသအခြေအနေ

၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်ဖွယ်နေ့ကလေးများ" (အပိုင်း–၁၁)**

၂၁။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်း တရားတော်**

၂၂။ နောက်တစ်နေ့အစီအစဉ်

၂၃။ အစီအစဉ်ပြီး၏။

ဇန်နဝါရီလအတွင်း မူးယစ်ဆေးဝါး အမှုပေါင်း ၂၀၃မှု ဖမ်းဆီးနိုင်ခဲ့

ရန်ကုန် ဖေဖော်ဝါရီ ၁၉

၂၀၀၆ ခုနှစ် ဇန်နဝါရီလတွင် တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့က မူးယစ်ဆေးဝါး အမှုပေါင်း ၂၀၃မှုကို ဖမ်းဆီးနိုင်ခဲ့သည်။

ယင်းသို့ဖမ်းဆီးခဲ့ရာတွင် ဘိန်း ၂၀မှု အလေးချိန် ၂၆ ဒသမ ၀၆၀၄ ကီလို၊ ဘိန်းဖြူ ၇၉မှု အလေးချိန် ၃၁ ဒသမ ၉၅၄၈ ကီလို၊ ဘိန်းညို အလေးချိန်ကီလို ၁၀၀၀၊ ဘိန်းဆီငါးမှု အလေးချိန် ဒသမ ၀၂၈၄ ကီလို၊ အဆင့်နိမ့်ဘိန်းငါးမှု အလေးချိန် ဒသမ ၁၄၃၉ ကီလို၊ ဆေးခြောက်ရှစ်မှုအလေးချိန် ဒသမ ၁၈၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၈မှု ဆေးပြား ၁၂၀၄၃၇၃၄ပြား၊ စိတ်ကြွရူးသွပ်ဆေးမှုန့် အလေးချိန် ၇၂ ဒသမ ၈၀၈၁ ကီလို၊ ဘိန်းစာမှုန့်ခြောက်မှု အလေးချိန် ၉ ဒသမ ၇၃၉၆ ကီလို၊ အက်တက်စီဆေးပြားတစ်မှု ဆေးပြားနှစ်ပြား၊ ကိုကင်းတစ်မှု အလေးချိန် တစ်ကီလို၊ မော်ဖင်းထိုးဆေးတစ်မှု ၅၄ပုလင်း၊ ဓါတုဆေးရည် ပမာဏ ၂၂၈ ဒသမ ၉၂ လစ်တာ၊ ဓာတုဆေးမှုန့်တစ်မှု အလေးချိန် ၂၁၉၇ဒသမ ၈၃၀၅ ကီလို၊ မှတ်ပုံတင်ပျက်လေးမှု၊ အခြားမှုလေးမှုတို့ ဖြစ်သည်။

ဇန်နဝါရီလတွင် မူးယစ်ဆေးဝါး အမှုပေါင်း ၂၀၃မှုကို ဖမ်းဆီးခဲ့ရာတွင် တရားခံ အမျိုးသား ၂၆၁ဦး၊ တရားခံ အမျိုးသမီး ၆၀ စုစုပေါင်းတရားခံ ၃၂၁ဦးတို့အား ဥပဒေအရ အရေးယူခဲ့သည်။ (သတင်းစဉ်)

ပြည်တွင်း ပြည်ပ အားကစားသတင်းများ

မြန်မာလိဂ် အဆင့်မြင့်တန်းဘောလုံးပြိုင်ပွဲ ပို့ဆောင်ရေးနှင့်လယ်ယာထွက်ကုန် အနိုင်ရ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်းတို့၌ ဆက်လက်ကျင်းပရာ ပို့ဆောင်ရေးအသင်းနှင့် လယ်ယာထွက်ကုန်အသင်းတို့ အနိုင်ရရှိသွားကြသည်။

အောင်ဆန်းကွင်း

ပို့ဆောင်ရေးအသင်း တစ်ဂိုး။
(ပြည့်ဖြိုးဦး)
တံခွန်အသင်း ဂိုးမရှိ။
ဒိုင်လူကြီး ဦးဝင်းချို။

ပို့ဆောင်ရေးအသင်းသည် ယနေ့ပွဲ အနိုင်ရရှိ၍ ၂၄မှတ်ဖြင့် တတိယနေရာကိုထိန်းထားနိုင်ခဲ့သည်။

ပုဂ္ဂလိက ကလပ်ဖြစ်သည့် တံခွန်အသင်းသည် နောက်ဆုံးပွဲစဉ်၌ ဆောက်လုပ်ရေးအသင်းကို အနိုင်ရထား၍ ယခုပွဲအနိုင်ရရှိပြီး ပဋ္ဌမနေရာမှ အဆင့်ထပ်တက်နိုင်ရန် ကြိုးစားခဲ့သော်လည်း တစ်လုံးတည်းသောဂိုးဖြင့် အရေးနိမ့်ခဲ့ရသည်။

ပို့ဆောင်ရေးအသင်းတွင် ဖိလစ်ပိုင်ဆီးဂိမ်းပြန် ယူ-၂၃အသင်းမှ ကျော်ဇေယျာမင်း၊ ဝင်းမင်းထွဋ်၊ ကျော်ဇေယျာဝင်း၊ ယူ-၁၇အသင်းမှ ပြည့်ဖြိုးဦး၊ လူဟောင်း မောင်မောင်မြင့်တို့နှင့် လူစုံပါဝင်သလို တံခွန်အသင်းတွင်လည်း လူငယ် လက်ရွေးစင်ဟောင်း အောင်လတ်သူ၊ အောင်မိုး၊ စိုးမင်းဦးတို့ဖြင့် လူစုံပါဝင်ခဲ့ကြသည်။

ယနေ့ပွဲ အနိုင်အရှုံးရလဒ်သည် အဆင့်(၃)မှ (၅)အတွင်း အပြောင်းအလဲရှိနိုင်သောကြောင့် တတိယနေရာမှ ပို့ဆောင်ရေးအသင်းရော ပဥ္စမနေရာမှ တံခွန်အသင်းတို့ပါ အနိုင်ရရှိရေး ပွဲစကတည်းက တိုက်စစ်ဆင်ကစားခဲ့ကြသည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဆန္ဒစောနေကြ၍ ဘောလုံးအပေးအယူမှား၊ နားလည်မှုများလွဲနေကြသောကြောင့် ဂိုးမရဘဲ ဂိုးမရှိ သရေဖြစ်နေသည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး တိုက်စစ်အား မြှင့်တင်လာကြသည်။ ပို့ဆောင်ရေးအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ၁၇မိနစ်တွင် ပြည့်ဖြိုးဦးက သွင်းယူခဲ့ခြင်းဖြစ်သည်။

ပို့ဆောင်ရေးအသင်းမှာ ယနေ့ပွဲ အနိုင်ရလိုက်၍ ၁၁ ပွဲကစား၊ ခုနစ်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံး၊ ၂၆ဂိုးသွင်း၊ ၁၀ဂိုးပေး၊ ၂၄မှတ်ဖြင့် တတိယနေရာတွင်လည်းကောင်း၊ တံခွန်အသင်းက ၁၁ပွဲကစား၊ ခြောက်ပွဲနိုင်၊ နှစ်ပွဲ သရေ၊ သုံးပွဲရှုံး၊ ၂၁ဂိုးသွင်း၊ ကိုးဂိုးပေး၊ အမှတ် ၂၀ဖြင့် ပဥ္စမနေရာတွင်လည်းကောင်း ဆက်လက် ရပ်တည်နေကြသည်။

သုဝဏ္ဏကွင်း

လယ်ယာထွက်ကုန် နှစ်ဂိုး။
သစ်တောရေးရာ တစ်ဂိုး။

တန်းဆင်းဇုန် အဆင့် (၁၅)နေရာတွင် ရမှတ်သုံးမှတ်ဖြင့် ရောက်ရှိနေသော လယ်ယာထွက်ကုန်အသင်းမှာ ယနေ့ပွဲအနိုင်ရရှိလိုက်၍ တန်းဆင်းဇုန်မှလွတ်ရန်မျှော်လင့်ချက် ရှိလာပြီး ခုနစ်မှတ်ဖြင့် အဆင့်(၁၄)တွင် ရောက်ရှိနေသော လယ်/ဆည်နှင့်တစ်မှတ်သာ ကွာတော့သည်။

ရပ်တည်

နှစ်သင်းစလုံး ၁၁ပွဲစီကစားအပြီးတွင် လယ်ယာထွက်ကုန်အသင်းက တစ်ပွဲနိုင်၊ သုံးပွဲသရေ၊ ခုနစ်ပွဲရှုံး၊ ခြောက်ဂိုးသွင်း၊ ၂၃ဂိုးပေး၊ ခြောက်မှတ်ဖြင့် အဆင့်(၁၅)တွင်လည်းကောင်း၊ သစ်တောရေးရာအသင်းက လေးပွဲနိုင်၊ တစ်ပွဲသရေ၊ ခြောက်ပွဲရှုံး၊ ၁၄ဂိုးသွင်း၊ ၁၇ဂိုးပေး၊ ၁၃မှတ်ဖြင့် အဆင့်(၈)တွင်လည်းကောင်း ရပ်တည်နေသည်။

ယနေ့ပွဲ

ညနေ ၃နာရီခွဲ
(အောင်ဆန်းကွင်း)
စွမ်းအင်နှင့်စီးပွား/ကူးသန်း
(သုဝဏ္ဏကွင်း)
ပြည်ထဲရေးနှင့် စွန်ရဲ
(ကြေးမုံ)

တံခွန် တိုက်စစ်မှူး သူရိန်စိုးထိုးဖောက် ဂိုးသွင်းမှုကို ပို့ဆောင်ရေး ဂိုးသမား ဖြိုးမင်းမောင် ဤသို့ ခက်ခက်ခဲခဲ ကာကွယ်ခဲ့ရသည်။
(ကြေးမုံ)

အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ လီဗာပူးအသင်း ထူးထူးခြားခြားအနိုင်ရ

လန်ဒန် ဖေဖော်ဝါရီ ၁၉

အင်္ဂလိပ် အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ၏ ပဥ္စမအကျော့ပြိုင်ပွဲအဖြစ် လီဗာပူးအသင်းနှင့် မန်ချက်စတာယူနိုက်တက် အသင်းတို့ အန်းဖီးလ်ကွင်းတွင် စနေနေ့က ယှဉ်ပြိုင်ကစားရာ လီဗာပူးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်မည်ဖြစ်သည်။ လီဗာပူးအသင်းသည် အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခြင်းမှာ ၂၀၀၁ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်မည်။

ဖေဖော်ဝါရီ ၁၈ ရက်က အင်္ဂလန် လီဗာပူးရှိ အန်းဖီးလ်ကွင်း၌ ကျင်းပသော အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ ပဥ္စမအကျော့ပွဲတွင် မန်ချက်စတာ ယူနိုက်တက်အသင်းမှ ဂယ်ရီနဗီးလ် (လဲနေသူ)က လီဗာပူးအသင်းမှ လူးဝစ်ဂါစီယာ၏ ခြေ၌ရှိနေသော ဘောလုံးကို ဖျက်ထုတ်စဉ်။
(ဓာတ်ပုံ-အင်တာနက်)

အောင်မြင်မှုအရှိဆုံး

အင်္ဂလန် လန်ကက်စ်ရှိုင်းယားဒေသ၏ ပြိုင်ဘက်အသင်းနှစ်သင်းဖြစ်ကြသော လီဗာပူးအသင်းနှင့် မန်ချက်စတာ ယူနိုက်တက်အသင်းတို့သည် အင်္ဂလိပ်ဘောလုံးလောက၏ အောင်မြင်မှုအရှိဆုံး ဘောလုံးအသင်းများလည်းဖြစ်ကြသည်။

အားခဲ

လီဗာပူးအသင်းသည် အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ၌ ၎င်း၏ အဓိကပြိုင်ဘက် မန်ချက်စတာ ယူနိုက်တက်အသင်းကို အနိုင်ယူရန် အားခဲထားခဲ့သည်မှာ ၈၅ နှစ်တိုင်အောင် ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။ ပြီးခဲ့သည့် အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ ကိုးပွဲစလုံးတွင် လီဗာပူးအသင်းက မန်ချက်စတာ ယူနိုက်တက်အသင်းကို အနိုင်ကစားနိုင်ခြင်းမရှိခဲ့ပေ။ ၁၉၉၆ ခုနှစ်နှင့် ၁၉၉၇ ဖိုင်နယ်ပွဲများတွင်လည်း လီဗာပူးအသင်း၏ ရလဒ်မှာ စိတ်ပျက်ဖွယ်ရာ ဖြစ်ခဲ့သည်။

ယခုပွဲတွင်မူ အင်္ဂလန် တိုက်စစ်မှူး ပီတာခရပ်ချ်က ပွဲချိန် ၁၉ မိနစ်တွင် စတိဗ်ဖင်နန် ဖြတ်ပို့ပေးလိုက်သော ဘောလုံးကို လှလှပပ ခေါင်းတိုက်သွင်းယူခြင်းဖြင့် မန်ချက်စတာယူနိုက်တက်အသင်းအပေါ် အနိုင်ယူနိုင်ခဲ့သည်။

မန်ချက်စတာ ယူနိုက်တက်အသင်းသည် အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲများတွင် (၁၁)ကြိမ်အထိ စံချိန်တင် အောင်ပွဲခံနိုင်ခဲ့သောအသင်းဖြစ်သည်။ လွန်ခဲ့သည့် ဘောလုံးရာသီတွင် ဒုတိယရရှိခဲ့သည့် အသင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အလန်စမစ်ဒဏ်ရာရ၊ ကမ္ဘာ့ဖလားပွဲနှင့် လွဲမည်

လန်ဒန် ဖေဖော်ဝါရီ ၁၉

စနေနေ့ကကျင်းပသော အင်္ဂလိပ်အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ၏ ပဥ္စမအကျော့ပွဲတွင် မန်ချက်စတာယူနိုက်တက်အသင်းမှ အလန်စမစ်သည် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ရာ ၎င်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပါဝင်ကစားနိုင်ခြင်း မရှိတော့သည်မှာ သေချာကြောင်း မီဒီယာသတင်းများတွင် ဖော်ပြသည်။

စနေနေ့က ကျင်းပသည့် အက်ဖ်အေဖလား ပဥ္စမအကျော့ပွဲတွင် ပြင်းထန်စွာ ဒဏ်ရာရရှိသွားသူ အလန်စမစ်အားတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

စနေနေ့က လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ကစားရသည့်ပွဲတွင် လီဗာပူးအသင်းမှ အန်းရိုက်စ်၏ ဖရီးကစ်ကန်သွင်းချက်ကို ပိတ်ဆို့တားဆီးရန်ကြိုးပမ်းရာမှ အလန်စမစ်ဒဏ်ရာရရှိခဲ့သည်။

ကွင်းလယ်ကစားသမား အလန်စမစ်သည် ၎င်း၏ ဝဲဘက်ခြေထောက်ကျိုးသွားခဲ့သည့်အပြင် ခြေပွတ်တိုင် (ခြေချင်းဝတ်)ချော်သည့် ဒဏ်ရာကိုလည်း ရရှိခဲ့ကြောင်း၊ ၎င်းသည် ဖေဖော်ဝါရီ ၁၉ ရက်တွင် ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်ကြောင်း အသင်းမန်နေဂျာ ဖာဂူဆန်က ပြောကြားသည်။

အင်္ဂလန်ဘောလုံးသမား အလန်စမစ်သည် တိုက်စစ်မှူးတစ်ဦးဖြစ်ခဲ့သော်လည်း လွန်ခဲ့သည့် ၁၈ လက လိဒ်ယူနိုက်တက်အသင်းမှ မန်ချက်စတာယူနိုက်တက်အသင်းသို့ ပြောင်းလာခဲ့ချိန်မှစ၍ ကွင်းလယ်ကစားသမား၏ အခန်းကဏ္ဍကိုရယူခဲ့သည်။

အသက် (၂၄) နှစ်ရှိ အလန်စမစ်သည် ရှစ်လထက်မနည်း အနားယူရဖွယ်ရှိသော်လည်း ၎င်းသည် စိတ်ဓာတ်ကြံ့ခိုင်သူဖြစ်ကြောင်း ဖာဂူဆန်က စကိုင်းစပို့တ်ရုပ်မြင်သံကြားဌာနသို့ ပြောကြားသည်။ ***အင်တာနက်။***

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၂-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၅ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ချစ်ထုံးရယ်မပြေယ် (အပိုင်း-၁၅)**
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ မေးမြန်းစူးစမ်း
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း တရားစီရင်ထုံး (အပိုင်း-၁၂)**
၂၀။ သင့်အတွက်မနက်ဖြန်
၂၁။ အပိတ်နှုတ်ဆက်စကား
၂၂။ ပြီးပါပြီ။

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၁ရက်က ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံတွင်ကျင်းပရာ ပထမဆုနှစ်ဆု၊ ဒုတိယဆုသုံးဆုနှင့် တတိယဆုလေးဆု ဆွတ်ခူးသွားသည့် လသာမြို့နယ် လမ်း(၂၀) Prize Centre မှ ကာယအလှမယ်များအား ဆရာဦးမြဦးမောင် နှင့်အတူ တွေ့ရစဉ်။ (ကြေးမုံ)

လောင်စာတွေကိုရှာ မီးဘေးအန္တရာယ်ကင်း

တရုတ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်မှုနှင့် နယ်မြေတည်တံ့မှုတို့ကို ထိန်းသိမ်းကာကွယ်ခွင့်ကို ထောက်ခံ ထို့ကြောင့်ခွဲထွက်မှုတားမြစ်သည့် ဥပဒေပြဋ္ဌာန်းခဲ့ခြင်းကို မြန်မာနိုင်ငံက ကြိုဆိုထောက်ခံခဲ့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း

မြန်မာနိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် အမျိုးသားဂုဏ်သိက္ခာရှိမှုအတွက် အမြဲထောက်ခံမည် နှလုံးရည်ပြည့်ဝစုံသည့် မြန်မာပြည်သူများ မြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးအောင်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်

အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌမစ္စတာဂူဘန်ကို

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ မစ္စတာဂူဘန်ကိုအား ဖေဖော်ဝါရီ ၁၅ရက် ညနေ ၅နာရီတွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ ဧည့်ခန်းမသို့ သွားရောက်၍ တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးနှင့်ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အောင်မင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်မှူးချုပ်ကျော်ကျော်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးဉာဏ်လင်းတို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ မစ္စတာဂူဘန်ကိုနှင့် အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ တောင်ဝင့်ကျူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက် နိုင်ငံခြားရေး ဝန်ကြီး မစ္စတာဗွေထရန်ခိုင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့် အဆင့်မြင့်အရာရှိကြီး များ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍



နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍ များကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

တွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ မစ္စတာဂူဘန်ကိုအား ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ ဧည့်ခန်းမ၌ တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

☆ **မြန်မာနှင့် တရုတ် နှစ်နိုင်ငံ သံတမန်စတင်ဆက်သွယ်ခဲ့သည့် အချိန်မှစ၍ နှစ်နိုင်ငံစလုံးအနေဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်ကို အခြေခံပြီး အိမ်နီးချင်းကောင်းပီသစွာ ဆက်ဆံလာခဲ့ကြသည်။**

ခေါင်းကြီး (စာမျက်နှာ–၂)

☆ **သဘာဝပတ်ဝန်းကျင်ကို မပျက်မစီးအောင် ထိန်းသိမ်းရန် အလွန်အရေးကြီးနေပြီဖြစ်သော ယနေ့ကမ္ဘာ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အလွန်အရေးကြီးနေပြီဖြစ်သော ယနေ့ကမ္ဘာတွင် ကမ္ဘာ့ပြည်သူများအတွက် ခရီးသွားလုပ်ငန်းသည် သုံးတတ်လျှင် ကမ္ဘာတည်သည်နှင့်အမျှ စားမကုန်နိုင်သော ပဒေသာပင်ကြီးဖြစ်ပါသည်။**

မဆွေ (ရန်ကုန်တက္ကသိုလ်)၏ **"ပညာပြန့်ပွားခရီးသွားဖြင့် စီးပွားလမ်းခင်းပေးပါစို့"**

ဆောင်းပါး (စာမျက်နှာ–၆)